မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၃၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

တရားစီရင်ရေး၏ အဓိကတာဝန်သည် အမှန်ကို ရှာဖွေဖော်ထုတ်ခြင်းဖြစ် မိမိချမှတ်သည့် စီရင်ချက်သည် အမှန်တရားသာဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

တရားသူကြီးများသည် တရားစီရင်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ တရားစီရင်ရေး အခြေခံမူများနှင့်အညီ ထမ်းရွက်ကြရမည်ဖြစ်ကြောင်း၊ တရားစီရင်ရေး၏ အဓိကတာဝန်သည် အမှန်ကို ရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်ကြောင်း၊ အမှန်ကို တွေ့ပြီးမှ ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် အခြေခံအချက်များကို ပိုင်နိုင်ရန်လိုကြောင်း၊ အချက်အလက်များနှင့် ဥပဒေတို့က အမှုကို ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ချမှတ်သည့် စီရင်ချက်သည် အမှန်တရားသာ ဖြစ်ထွန်းစေရမည်ဆိုသည့် သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်ကြရန်နှင့် မိမိကိုယ်တိုင် အဂတိလိုက်စားမှုကင်းရှင်းပြီး မိမိလက်အောက်ဝန်ထမ်းများ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများအား တွေ့ဆုံမှာကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ချိုင်းကျေးရွာ ဘိုနီကြီးကွင်း ဟက်တာ ၂၀ စက်မှုလယ်ယာစနစ် မြေယာဖော်ထုတ်နေသော လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရိတ်သိမ်းချိန်ကာလအထိ အလေအလွင့်မရှိစေရေး ဂရုပြုလုပ်ဆောင် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး ပညာပေးစည်းရုံးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေး အထူးအထွက်တိုး ဧက ၄၀ စိုက်ခင်းသို့ ရောက်ရှိလာရာ စိုက်ခင်းတာဝန်ခံ ဒေါက်တာစန်းစန်းဝင်းက သက်တမ်း ၈၄ ရက်သားရှိပြီး အနံ့များစုံညီစွာထွက်ရှိနေသည့် စပါးပင်များ ဖြစ်ထွန်းအောင်မြင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရိတ်သိမ်းချိန်ကာလအထိ အလေအလွင့် မရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရန် အချက်များနှင့် ထွက်ရှိနေသော ပင်ပွားများအနက်မှ ခေါင်နှံများ ရင့်မှည့်ရိတ်သိမ်းရန် အချိန်ကျရောက်သည်အထိ အောင်စေ့အောင်နှံ မရနိုင်တော့သည့် အပင်များကို မှတ်တမ်းထားရှိရန်၊ ထိုကဲ့သို့ အောင်နှံ မရနိုင်တော့သည့် ပင်ပွားများ လိုသည်ထက် ပိုမထွက်ရန် မည်သို့တားဆီးနိုင်မည်ကို ပညာရှင်များက သုတေသနပြု၍ တောင်သူပညာပေးဆောင်ရွက်ရန် မှာကြားပြီး စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

စည်းရုံးဆောင်ရွက်

ထိုမှတစ်ဆင့် ချိုင်းကျေးရွာ ဘိုနီကြီးကွင်း ဟက်တာ ၂၀ စက်မှုလယ်ယာစနစ် မြေယာဖော်ထုတ်နေသော လုပ်ငန်းခွင်၌ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က လုပ်ငန်းစတင်သည့်ကာလ ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၂ရက် အထိ လုပ်ငန်းပြီးစီးမှုများနှင့် လာမည့် စက်တင်ဘာ ၁၀ ရက်တွင် ခေတ်မီကောက်စိုက်စက်များဖြင့် စတင်စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သမားရိုးကျလယ်ကွက်ငယ်များကို ဟက်တာကွက်များအဖြစ် ပြောင်းလဲရာတွင် ကုန်ကျစရိတ်နှင့် လယ်သမားများအတွက် လက်ငင်း၊ ရေတို၊ ရေရှည်အကျိုးပြုနိုင်မည့် အခြေအနေများကို နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်သွားရန်၊ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် အစိုးရ အပိုင်းသာမက ပုဂ္ဂလိကအခန်းကဏ္ဍက ပါဝင်လာရေး ပညာပေးစည်းရုံးဆောင်ရွက်ရန် မှာကြားသည်။

ပညာပေးစည်းရုံး

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီး တောင်သူ ဦးစိုးတင့် အပါအဝင် တောင်သူကိုးဦး၏ သိပ္ပံနည်းကျ အထူးအထွက်တိုး စပါး ၁၀ ဧကစိုက်ခင်း စုပေါင်းစိုက်ပျိုးသည့်နေရာသို့ ရောက်ရှိပြီး တပျော်တပါးစိုက်ပျိုးနေကြသော ကောက်စိုက်လုံမေများကို ကြည့်ရှုအားပေးကာ တောင်သူအချင်းချင်း လက်ချင်းယှက်၍ လက်ဆင့်ကမ်းကာ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ပညာပေးစည်းရုံးရန်၊ ကျေးရွာတစ်ခုလုံး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မှတ်တမ်းတင်

ထို့နောက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ဧက ၂၀ စိုက်ခင်းသို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တစ်ဧကတင်း ၁၅၀ အထက်ထွက်ရှိရန် သေချာနေသော အနံ့ပါပင်ပွား ၁၂ ပင်နှင့် တစ်နှံအောင်စေ့ ပျမ်းမျှ ၁၇၀ ရရှိမှုအခြေအနေများကို

စာမျက်နှာ ၉ ကော်လံ ၁ ○

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



ခရုပတ် နဂါးငွေ့တန်းအတွင်း အမြွှာအာကာသတွင်းနက်ကြီး တွေ့ရှိ။

စာ ၄

မြန်မာ့ဝေဟင်ပိုင်နက်အတွင်း လေယာဉ်ဖြတ်ကျော်ပျံသန်းခ ၂၀၁၀–၂၀၁၁ ခုနှစ်၌ အများဆုံးရရှိ။

စာ ၆



မြန်မာ့ရွှေဈေး စံချိန်တင်မြင့်တက်။

စာ ၆

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြုနိုင်ရန် စံပြကျေးရွာ ငါးရွာ ရွေးချယ်ထား။

စာ ၆

အဆိုတော် မက်ဒေါနား ရုပ်ရှင်ဒါရိုက်တာလုပ်ပြီ။

စာ ၇

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် စက်တင်ဘာ ၄ ရက်)

အင်းလေးကန်ရေ ရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးဒေသသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာလှည့်ခရီးသည်များကပါ စိတ်ဝင်စားသောဒေသဖြစ်သည်။ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်ပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်သည့် အင်းလေးကန်သည် ယခင်က ရေပြင်ဧရိယာ ၁၀၀ စတုရန်းမိုင်ရှိသော်လည်း ယခုအခါ ၂၄ စတုရန်းမိုင်သာရှိတော့သည်။

အင်းလေးကန်သည် နိုင်ငံတော်၏ အဖိုးတန်သဘာဝအမွေအနှစ်တစ်ခုဖြစ်သကဲ့သို့ ရှမ်းပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုလည်းဖြစ်သည်။ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးဘဝအတွက်လည်း များစွာအထောက်အကူ ပြုရုံသာမက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက်ပါ တစ်ဖက်တစ်လမ်းက ဖြည့်စွက်ပေးနေသည့် ကန်ကြီးဖြစ်သည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းသဘာဝ အမွေအနှစ်ဖြစ်သည့်အလျောက် အာဆီယံတွင်လည်း ASEAN Cultural Heritage အဖြစ် သတ်မှတ်ခံထားရသည့် ကန်ကြီးဖြစ်သည်။ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင် ဂေဟစနစ် အရှည်တည်တံ့ရေးနှင့် ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များ ပြုစုစိုက်ပျိုးရေး၊ ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ရေးတို့ကို စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်အတွင်း ရေတည်ရှိနေမှု၊ စဉ်ဆက်မပြတ်ရေစီးဆင်းနေမှုသည် ဒေသနေပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်သာမက အင်းလေးကန်၊ ဘီလူးချောင်းမှ စီးဝင်သောရေဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်ထားသော လောပိတရေအားလျှပ်စစ်သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျလျက်ရှိသည်။ အင်းလေးကန်အတွင်းသို့ ရေစီးဝင်သော ချောင်းပေါင်း ၂၉ ခုရှိပြီး အဓိကစီးဝင်နေသည့် ချောင်းလေးချောင်းသည် ရာသီမရွေးစီးဝင်လျက်ရှိသည်။

အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင်၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

ဤသို့ဖြင့် ဘိုးဘေးဘီဘင်လက်ထက်ကတည်းက တည်ရှိခဲ့သည့် သဘာဝအရင်းအမြစ်ဖြစ်သော အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် ဆောက်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများကပါ ဝိုင်းဝန်းပါဝင်ထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဩဂုတ် ၂၉ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၉)ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဓမ္မာဘဏ္ဍာဂါရိကဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သာသနာ့ နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးအောင်ချမ်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြငြိမ်း၊ ရပ်ကွက်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်လွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနည်းပညာများ

ကျေးလက်ဒေသများအထိ ပညာပေးစည်းရုံးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာဥက္ကဋ္ဌများက ဖြည့်စွက်ရှင်းလင်းတင်ပြကြကာ ခရိုင်အုပ်ချုပ်ရေးမှူးများက မိမိတို့ခရိုင်အလိုက် လုပ်ငန်း(၈)ရပ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းပညာများကို ကျေးလက်ဒေသများအထိ ပညာပေးစည်းရုံးဆောင်ရွက်သွားကြရေး၊ တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍကို လက်မှုလယ်ယာ မှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရေး၊ တိုင်းဒေသကြီးအတွင်း အသေးစားငွေစုငွေချေးအသင်းများကိုလည်း စနစ်တကျဖွဲ့စည်း ဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကို အလေးထားဆောင်ရွက်ရာတွင် လက်ရှိတိုးတက်မှုများကို ထိန်းသိမ်းထားပြီး ဆက်လက်တိုးတက်အောင် အထူးကြိုးစားဆောင်ရွက်သွားကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှော်ဘီမြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် မှော်ဘီမြို့နယ် ဝေါလ်ဗွီးရှင်းက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဌေးနှင့် ဝေါလ်ဗွီးရှင်းမှမြို့နယ် စီမံချက်တာဝန်ခံ ဒေါက်တာဇင်ထွေးစီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဝေါလ်ဗွီးရှင်း မြို့နယ်စီမံချက်တာဝန်ခံက ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူသည်။ အဆိုပါကျောင်းဆောင်သစ်မှာ ပေ (၆၀× ၃၀) သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး နှစ်ခန်းတွဲအိမ်သာနှစ်လုံးနှင့် လေးယောက်ထိုင်စာသင်ခုံ ၆၀ ပါဝင်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု

ရွှေကူမြို့နယ်၌ ကျင်းပ

ရွှေကူ စက်တင်ဘာ ၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဦးစီးကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

မေးမြန်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဌေးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သူရဇော်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု သိကောင်းစရာအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိလိုသည့်အကြောင်းအရာများကို ပြန်လည်မေးမြန်းဆွေးနွေးပြီး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးရန်မျိုးအောင်သည် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီခွဲက ကစားဖော်များဖြစ်ကြသော ဦးသင်းထွန်းဟန်၊ ဦးအောင်ကျော်တင့်၊ ဦးတင်မျိုးနိုင်၊ ဦးကျော်ဆွေမိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၅ကို ကိုက် ၁၆၀အကွာမှ Titleist No -4 ဘောလုံးအား Taylor Made Banner Hybrid (5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရှိရသည်။

(ရန်ကုန်ဂေါက်အသင်း)

ငါးသယံဇာတများထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ

တိုက်ကြီးမြို့ ၌ ကျင်းပ

တိုက်ကြီး စက်တင်ဘာ ၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်စေရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လုပ်ငန်းတစ်ရပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးညွန့်ဆန်း၊ ဦးစီးအရာရှိ ဦးလှဝင်း၊ တိုက်ကြီးမြို့နယ် ဦးစီးဌာနမှူး ဦးတင့်အောင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၂၂ ရက် နံနက်က တိုက်ကြီးမြို့နယ် လှိုင်ကျေးရွာအုပ်စု လှိုင်ကျေးရွာရှိ ဒေါ်လှသန်း၏ ငါးအဝယ်ဒိုင်၌ လှိုင်ကျေးရွာနှင့် ရန်လုံးနိုင်ကျေးရွာများမှ မြစ်အတွင်း ငါးဖမ်းရေလုပ်သား ၁၂ ဦးနှင့် ဖိုးခေါင်ကျေးရွာအုပ်စု နန်းတော်ကုန်းကျေးရွာ ဘုရားဓမ္မာရုံ၌ ဖိုးခေါင်ကျေးရွာ၊ ရန်လုံးနိုင်ကျေးရွာ၊ လှိုင်ကျေးရွာ၊ ဖောင်တော်ကန်ကျေးရွာ၊ ကန်ကလေးအေကျေးရွာ၊ ပျဉ်းမကုန်းကျေးရွာ၊ အိုင်ကလောင်ကျေးရွာ၊ လဟာတကောကျေးရွာ၊ နန်းတော်ကုန်းကျေးရွာများမှ မြစ်အတွင်း ငါးဖမ်းရေလုပ်သား ၂၀၀ တို့အား တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ငါးသယံဇာတများ ထိန်းသိမ်းရေးဆိုင်ရာပညာပေးဟောပြောခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အစုအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပြီး ၎င်းတို့သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ချေးငွေများပေးအပ်

ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက် (၂၂) ခုသို့ ချေးငွေများပေးအပ်ခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၃၁ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက ချေးငွေများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်စဉ်။ (၀၄၂)

မော်လမြိုင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ

အာစရိယပူဇော်ပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဓမ္မာရုံ၌ ၂၀၁၀- ၂၀၁၁ ပညာသင်နှစ် မော်လမြိုင်တက္ကသိုလ် ရူပဗေဒကျောင်းသား ကျောင်းသူများ၏အာစရိယပူဇော်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဆရာ ဆရာမများကို ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ကြပြီးနောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မော်လမြိုင်တက္ကသိုလ် ငွေရတုသဘင်စာတမ်းဖတ်ပွဲ၌ ရူပဗေဒကိုယ်စားပြု သုတေသနဆိုင်ရာစာတမ်းများကို ဖတ်ကြားပေးခဲ့သော ဆရာ ဆရာမများနှင့် သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သော ဆရာ ဆရာမများအား တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဌေးအောင်ကလည်းကောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ဆုရ ကျောင်းသား ကျောင်းသူများ၊ ထမနဲထိုးပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲတွင် ရူပဗေဒကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းဝင်များ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ အသင်းလိုက်ဆုရရှိသူများ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၌ ဆုရရှိသူများအား ပါမောက္ခ(ဌာနမှူး)၊ ကထိက၊ လက်ထောက်ကထိက၊ ဆရာ ဆရာမများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ပညာရေး)

လာရောက်တွေ့ဆုံ

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှုယွင်ကျယ် ဦးဆောင်သည့် ရှေ့ပြေးလေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်

World First Aid Day

10th September, 2011

"First Aid for All"

“အားလုံးတွက်တာ ရှေးဦးပြုစုခြင်းပညာ”

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား တရုတ်နိုင်ငံ သာသနာရေးဗျူရိုမှ ညွှန်ချုပ်နှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ရှုယွင်ကျယ် ဦးဆောင်သည့် ရှေ့ပြေးလေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး မစ္စတာ ကောင်းဟွာ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်နိုင်ရန်အတွက် လိုအပ်သည့်အစီအမံများနှင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အောင်သီရိဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသော နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၄-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၃။ ဇာတ်လမ်းတို
၈:၂၅ ၁၄။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၁၀)
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဝက်ပါ၏ ထွက်ပေါက်
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၃၅ ၉။ မြန်မာသံစဉ်ချိုနားဝင်
၁၂:၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၁၃)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၂ ၃။ နိုင်ငံတော်သီချင်း
၄:၀၃ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၇။ လျှပ်တစ်ပြက်
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၅ ၉။ မြန်မာ့ရှုခင်း
၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ဒီဖိုင်နာတို့ရဲ့ ဒီဖိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ဘဝကြေးမုံ **ရုပ်ရှင်သည် ကြည့်** ဦးဇော်ခင်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဘုန်းသိုက်)
၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၄၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၂။ ပဟေဋ္ဌိနန်းတော်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ FIFA Beach Soccer World Cup Ravenna 2011 **Venezuela Vs Nigeria (Live)**
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၇၉)
၂၇။ FIFA Beach Soccer World Cup Ravenna 2011 **Mexico Vs Brazil (Live)**

ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ အောင်သီရိဖောင်ဒေးရှင်းက ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များလွှဲပြောင်းပေးအပ်ပွဲ တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် အောင်သီရိဖောင်ဒေးရှင်းက ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အောင်သီရိဖောင်ဒေးရှင်းဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အောင်သီရိဖောင်ဒေးရှင်းဉက္ကဋ္ဌ ဦးသာဌေးတို့က အသစ်ဆောက်လုပ်ပြီးစီးသည့် စာသင်ခန်း ၂၀ ပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် ကျောင်းဆောင်သစ်အတွင်း ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အခမ်းအနားကို ကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားပြီး အောင်သီရိဖောင်ဒေးရှင်းဉက္ကဋ္ဌ ဦးသာဌေးက အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အောင်သီရိဖောင်ဒေးရှင်း အဖွဲ့ဝင်များက ပုဗ္ဗသီရိမြို့နယ်အတွင်း ပြုပြင်မွမ်းမံ တိုးချဲ့အသစ်ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ အောင်သီရိဖောင်ဒေးရှင်းက ပေးအပ်လှူဒါန်းသည့် ပုဗ္ဗသီရိမြို့နယ်အတွင်းမှ ဂုဏ်ပြုဆုရ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ၊ မြို့နယ်အတွင်းမှ ကွန်ပျူတာပညာ စိတ်ဝင်စားသူများအတွက် သင်တန်းဖွင့်လှစ်သင်ကြားပေးနိုင်ရန် ကွန်ပျူတာ ၁၁ စုံ၊ မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအတွက် ဆေးဝါးများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်လှူဒါန်းကြပြီး ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်း သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့သည့် ပက်ဆိုးဒင့် သွားနှင့်ခံတွင်းအထူးကုဆေးခန်းမှ ဆရာဝန်၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ပုဗ္ဗသီရိမြို့နယ် ရေပြာကျေးရွာ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ ကိုးရွာသပြေကုန်းကျေးရွာ အမှတ်(၅၄) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ဆိတ်နံတုန်းကျေးရွာ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းတို့ကိုရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်ပေးခဲ့သည့် ကျောင်းဆောင်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လွှဲပြောင်းပေးအပ်

အောင်သီရိ ဖောင်ဒေးရှင်းသည် အဆိုပါ ကျောင်းလေးကျောင်းအပြင် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာ အမှတ်(၁၉၁) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ရွာသစ်ကျေးရွာ အမှတ်(၁၈၆) အခြေခံပညာမူလတန်းကျောင်းနှင့် ကြံတဲစုကျေးရွာ အမှတ်(၉၅) အခြေခံပညာမူလတန်းကျောင်းတို့၌ ပြုပြင်မွမ်းမံတိုးချဲ့ အသစ်ဆောက်လုပ်ပြီးစီးခဲ့သော ကျောင်းဆောင်သစ်များကိုလည်း ပညာရေးဝန်ကြီးဌာနသို့ ယနေ့လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့အပြင် အဆိုပါကျောင်းခုနစ်ကျောင်းအတွက် စာသင်ခုံများနှင့် ကျောင်းသုံးပရိဘောဂများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

ခရုပတ်နဂါးငွေ့တန်းအတွင်း အမြှာအာကာသတွင်းနက်ကြီးတွေ့ရှိ



ဝါရှင်တန် စက်တင်ဘာ ၃

နာဆာ၏ ချန်ဒရာ X-ray အာကာသစူးစမ်းရေးစခန်းမှ ပညာရှင်များက ကြယ်တာရာနဂါးငွေ့တန်းတစ်ခုအတွင်း အမြွှာအာကာသတွင်းနက်ကြီးတစ်စုံကို ရှာဖွေတွေ့ရှိခဲ့ကြောင်း စက်တင်ဘာ ၁ ရက်၌ ကြေညာလိုက်သည်။ (အပေါ်ပုံ)

နာဆာမှတွေ့ရှိသည့် အာကာသအမြွှာတွင်းနက်ကြီး၏ တည်နေရာခန့်မှန်း အကွာအဝေးမှာ ကမ္ဘာဂြိုဟ်မှ အလင်းနှစ် သန်းပေါင်း ၁၆၀ ခန့်ဖြစ်သည်။ NGC-3393 ခရုပတ်နဂါးငွေ့တန်း၏ ဗဟိုချက်အနီး ရှိနေသည့် အဆိုပါတွင်းနက်ကြီးနှစ် တွင်းအကြား အလှမ်းကွာဟမှုက အလင်း နှစ် ၄၉၀ ခန့်သာ ကွာဝေးသည်။ နှစ်ပေါင်း တစ်ဘီလီယံ သို့မဟုတ် ပဝေသဏီ နှစ်များစွာက အရွယ်ထုထည်မတူသော နဂါးငွေ့တန်းနှစ်စင်း ထွေးရောယှက်တင်ဖြစ်ကာ ပေါင်းစုသွားရာမှ ကြွင်းကျန် ဖြစ်တည်ခဲ့ဖွယ်ရှိသည့် တွင်းနက်ကြီးများ ဖြစ်သည်။

ယခု အဆိုပါ အာကာသတွင်းနက်ကြီးနှစ်ခုတွင် ဓာတ်ငွေ့ဖုန်မှုန့်များ သိပ်သည်းဖုံးအုပ်နေသဖြင့် အာကာသမှန်ပြောင်း ဖြင့် တွေ့မြင်ရခြင်းမဟုတ်ဘဲ X-ray ရောင်ခြည်ဖြင့်သာ လေ့လာတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ချန်ဒရာ X-ray ရောင်ခြည်၏ ထိုးဖောက်မြင်နိုင်စွမ်းအားက ပိတ်ဆို့မှုများကို စိမ့်ဝင်ထွင်းဖောက်နိုင်ကာ အလွန်တရာ ကြီးမားသည့် အမြွှာအာကာသ တွင်းနက်ကြီးကို အသေအချာ ရှာတွေ့လိုက်ခြင်းဖြစ်သည်။

X-ray ရောင်ခြည်နှင့် အခြားလှိုင်းအလျားများဖြင့် အာကာသတွင်းနက်ကြီး တစ်တွင်းကိုသာ ကနဦးက ထောက်လှမ်း တွေ့ရှိခဲ့သော်လည်း သုတေသနပညာရှင်များ အချိန်အတော်ကြာ စူးစမ်းလေ့လာခဲ့ရာမှ အာကာသတွင်းနက်နှစ်တွင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အကယ်၍ အရွယ်တူ ခရုပတ်နဂါးငွေ့တန်းနှစ်စင်း ပူးပေါင်းမိခဲ့လျှင် ကပ်လျက်၊ တွဲလျက်ရှိနေမည့် အာကာသတွင်းနက်တစ်စုံ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း အာကာသစူးစမ်းလေ့လာသူများက ယခင်လေ့လာတွေ့ရှိချက်များအရ တွေးဆကြသည်။ ယခင်က တွေ့ရှိခဲ့သည့် ကမ္ဘာမှ အလင်းနှစ် သန်းပေါင်း ၃၃၀ ခန့်ရှိ NGC 6240 နဂါးငွေ့တန်းဆီမှ အမြွှာတွင်းနက်ကြီးတစ်စုံက ယင်းကိစ္စအတွက် ပြည့်စုံသည့် သက်သေတစ်ရပ် အဖြစ် ရှိခဲ့သည်။

ဝန်းရံထား

NGC-3393 ခရုဗွေနဂါးငွေ့တန်းမှာလည်း ကြယ်တာရာများဖွဲ့စည်းမှုအားကောင်းမွန်ပြီး ဗဟိုချက်အလယ်တွင် သက်ရင့်တာရာများ ဝန်းရံထားသည့် နဂါးငွေ့တန်းတစ်စင်းဖြစ်သည်။ ထို့ပြင် နဂါးငွေ့တန်းတိုင်းတွင်ပါရှိခဲ့သည့် ကြယ်တာရာနဂါးငွေ့တန်းတို့၏ ရတနာအာကာသအမြွှာတွင်းနက်ကြီးတစ်စုံလည်း တည်ရှိနေသည့် နဂါးငွေ့တန်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းအတိုအထွာ ၃-၉-၂၀၁၁

တင်မောင်လွင် – စုစည်းသည်

အာဂျင်တီးနားနိုင်ငံ စူပါမားကတ်တစ်ခု၌ ပစ်ခတ်မှုဖြစ်ပွား

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီရှိ တရုတ်စူပါမားကတ်တစ်ခု၌ ဩဂုတ် ၃၁ ရက် ညပိုင်းက လက်နက်ကိုင်သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ဆိုင်ပိုင်ရှင် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ၎င်း၏ဇနီးနှင့် အလုပ်သမားတစ်ဦး ဒဏ်ရာရခဲ့ကြောင်း စက်တင်ဘာ ၃ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ပစ်ခတ်မှုမဖြစ်ပွားမီ သေနတ်သမားသည် စူပါမားကတ်ရှိ သန့်စင်ခန်းအတွင်းသို့ ဝင်ရောက်ပုန်းအောင်နေခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးမှ ငွေကိုင်အမျိုးသမီးတစ်ဦးဖြစ်သည့် ချန်ယူရုက ဆေးရုံ၌ ပြောကြားခဲ့သည်။ ယင်းသေနတ်သမားသည် ရာဇဝတ်ဂိုဏ်းအဖွဲ့အချို့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ (အင်တာနက်)

ဆိုမာလီယာနိုင်ငံတွင် ပေါက်ကွဲမှုဖြစ်ပွား၊ ၁၄ ဦးသေဆုံး

ဆိုမာလီယာနိုင်ငံ အနောက်တောင်ပိုင်းတွင် စက်တင်ဘာ ၁ ရက်က စစ်တပ်မော်တော်ယာဉ်တစ်စီးကို ပစ်မှတ်ထားဗုံးဖောက်ခွဲမှုကြောင့် အစိုးရတပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးပြီး ၂၅ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဖြစ်ပွားမှုမှာ ဆိုမာလီနိုင်ငံ လုမြို့တွင် စက်တင်ဘာ ၁ ရက်က ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီးကို အကြမ်းဖက်သမားများက လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၃၅ ဦးလွတ်မြောက်

အီရတ်နိုင်ငံ မိုဆူးမြို့ မြောက်ပိုင်းတွင် ဩဂုတ် ၃၁ ရက်က အကြမ်းဖက်တိုက်ခိုက်ခဲ့မှု စွပ်စွဲချက်များဖြင့် တရားရင်ဆိုင်နေရသော အကျဉ်းသား ၃၅ ဦးသည် ယာယီအကျဉ်းစခန်း ပိုက်လိုင်းတစ်ခုမှဖြတ်သန်းပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့်လုံခြုံရေးအရာရှိများက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များသည် ထွက်ပြေးလွတ်မြောက်သွားသူ ၂၁ ဦးအား ပြန်လည်ဖမ်းဆီးနိုင်ခဲ့ပြီး ကျန်သူများအား ဖမ်းဆီးနိုင်ရေးအတွက် ၎င်းမြို့တွင် ညမထွက်ရအမိန့်များ ထုတ်ပြန်ထားကြောင်း အဆိုပါရဲအရာရှိများက ဆက်လက်ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အိုက်စလန်နိုင်ငံ တောင်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

အိုက်စလန်နိုင်ငံတောင်ပိုင်းရှိ ဆန်ဒရစ်ဒေသတွင် စက်တင်ဘာ ၃ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၄ နာရီ ၄၉ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါမြေငလျင်သည် တောင်လတ္တီတွဒ် ၅၆ ဒသမ ၅၅၀၉ နှင့် အနောက်လောင်ဂျီတွဒ် ၂၇ ဒသမ ၀၃၉၃ အကြား မြေအောက် ၁၀၆ ဒသမ ၀၀ ကီလိုမီတာအနက်တွင် ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။

(အင်တာနက်)

ရုရှားရေငုပ်သင်္ဘောအသစ် စမ်းသပ်မောင်းနှင်မှုအောင်မြင်

မော်စကို စက်တင်ဘာ ၃

ရုရှားနိုင်ငံမှ မျိုးဆက်သစ် နျူကလီးယားရေငုပ်သင်္ဘော ယူရီဒိုလ်ဂိုရူကီ **(ယာပုံ)**အား စမ်းသပ်မှုများအောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားနိုင်ငံမှ ရေငုပ်သင်္ဘောတည်ဆောက်သည့် ဆက်ဗ်မက်သင်္ဘောကျင်းမှ အရာရှိများက စက်တင်ဘာ ၂ ရက်၌ ထုတ်ဖော်ပြောကြားသည်။ ၎င်းရေငုပ်သင်္ဘောကို ပင်လယ်ရေအောက်၌ ငါးရက်ကြာ စမ်းသပ်မောင်းနှင်ခဲ့ပြီး ဖြစ်သည့်အပြင် ရေငုပ်သင်္ဘောမှ ဘူလ်လာဗာဒုံးကျည်အသစ်ကိုလည်း စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်။

အဆိုပါဘူလ်လာဗာဒုံးကျည်မှာ ထိပ်ဖူး ၁၀ ခုတပ်ဒုံးကျည်အမျိုးအစားဖြစ်ပြီး အကွာအဝေး ကီလိုမီတာ ၈၀၀၀ အထိ ပစ်ခတ်နိုင်စွမ်းရှိသည်။ ယင်းဒုံးကျည်မှာ ရုရှားရေတပ်အတွက် စွမ်းရည်မြင့်မားသည့် ဒုံးကျည်လည်းဖြစ်သည်။ ယခုစမ်းသပ်မောင်းနှင်ခဲ့သည့် ယူရီဒိုလ်ဂိုရူကီ နျူကလီးယားရေငုပ်သင်္ဘောကို ဟီးရိုးဟုခေါ်ဝေါ်ခဲ့ကြပြီး ၂၀၀၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

အမေရိကန်၌ တောမီးကူးစက်လောင်ကျွမ်း မီးသတ်လေယာဉ် ၁၈ စင်းဖြင့် မီးငြှိမ်းခဲ့ရ

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၃

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်နှင့် လပ်စ်ဗီးဂတ်စ်မြို့အကြားတွင် စက်တင်ဘာ ၂ ရက်က တောမီးလောင်ကျွမ်းမှု ဆိုးရွားစွာဖြစ်ပေါ်နေသဖြင့် ၎င်းနှစ်မြို့အကြား အဝေးပြေးကားလမ်းမကြီးကို ပိတ်ထားလိုက်ရကြောင်း၊ မီးလောင်နေမှုကို မီးသတ်လေယာဉ်များဖြင့် မီးငြှိမ်းသတ်နေရကြောင်း အမေရိကန်မီဒီယာများက စက်တင်ဘာ ၃ ရက်၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

ကြိုးစားလျက်ရှိ

၎င်းတောမီးမှာ စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ ၌ စတင်လောင်ကျွမ်းနေခြင်းဖြစ်ရာ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း ဟက်စ်ပါရီးရားမြို့အနီး အဓိက အဝေးပြေးလမ်းမကြီး အစိတ်အပိုင်းကိုလည်း ပိတ်ထားရသည်။ ယခု မီးလောင်ကျွမ်းမှုကြောင့် သစ်တောဟက်တာ ၃၀၀ ကျော် မီးဘေးသင့်ခဲ့ပြီး အနီးဝန်းကျင်နေအိမ်များသို့လည်း မီးကူးစက်လောင်ကျွမ်းလျက်ရှိသည်။ ထို့ကြောင့် မီးငြှိမ်းသတ်ရေးလေယာဉ် ၁၈ စင်းအပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်တို့က မီးငြှိမ်းသတ်ရေးကြိုးစားခဲ့ရသည်။

ယင်းတောမီးမှာ အနီးဝန်းကျင်ရှိ အိမ် ၁၅၀၀ ခန့်ကို ကူးစက်လောင်ကျွမ်းရန် ခြိမ်းခြောက်လျက်ရှိသဖြင့် ဒေသခံများအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

ချီလီကမ်းလွန်၌ လေယာဉ်တစ်စင်းပျက်ကျ လေယာဉ်ပေါ်လိုက်ပါသူ ၂၁ ဦးသေဆုံး

ဆန်တီရာဂို စက်တင်ဘာ ၃

ချီလီနိုင်ငံပစိဖိတ်ကမ်းရိုးတန်းကမ်းလွန်တွင် စက်တင်ဘာ ၂ရက်က ချီလီစစ်ဘက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၂၁ဦးစလုံး သေဆုံးခဲ့ကြောင်း ချီလီနိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းဌာနက စက်တင်ဘာ ၃ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းလေယာဉ်သည် လူ ၂၁ ဦးကို တင်ဆောင်ပျံသန်းလာစဉ် မုန်တိုင်းမိပြီး ချီလီနိုင်ငံဂျွန်ဖာနန်ဒက်ဇ်ကျွန်းအနီး ရေပြင်သို့ ပျက်ကျခဲ့ခြင်းဖြစ်ပြီး၊ ယင်းလေယာဉ်ပျက်ကို ရေပြင်၌ရှာဖွေတွေ့ရှိခဲ့ကြောင်း ဂျွန်ဖာနန်ဒက်ဇ်ကျွန်း၏ မြို့တော်ဝန် လီရိုပိုလ်ဒိုဂွန်ဇာလက်စ်က ပြောကြားသည်။ **(ယာပုံ)**

အဆိုပါလေယာဉ်သည် ချီလီလေတပ်မှ ကာဆာအမျိုးအစားလေယာဉ်တစ်စင်းဖြစ်ပြီး ဂျွန်ဖာနန်ဒက်ဇ်ကျွန်းပေါ်၌ နေအိမ်အဆောက်အအုံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့်လူများကို တင်ဆောင်ပျံသန်းလာစဉ် ရာသီဥတု ရုတ်တရက်ဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်။

၎င်းကျွန်းသည် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က ရစ်ချ်တာစကေး ၈ ဒသမ ၈အဆင့်ရှိငလျင်ကြောင့် နေအိမ်အဆောက်အအုံများပျက်စီးသွားခဲ့သည့်ကျွန်းဖြစ်ရာ ပြန်လည်ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

ဂျပန်အနောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်



အိုဆာကာ စက်တင်ဘာ ၃

ဂျပန်နိုင်ငံ အနောက်ပိုင်း ရှီကိုကူးကျွန်းတွင် စက်တင်ဘာ ၃ ရက် နံနက်က အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း **(ဝဲပုံ)**ဝင်ရောက်တိုက်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးကာ ၂၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အမည်ပေးထား

၎င်းမုန်တိုင်းသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ စတင်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီ ၁၄၄ ကီလိုမီတာနှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမုန်တိုင်းအား တာလက်စ်ဟု အမည်ပေးထားပြီး ယခုနှစ်၏ ၁၂ လုံးမြောက်မုန်တိုင်းလည်းဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ရပ်ဆိုင်းထား

တာလက်စ်မုန်တိုင်းကြောင့် မိုးသည်းထန်ပြီး ရေလွှမ်းကာ မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။ ထို့အပြင် မုန်တိုင်းကြောင့် ဂီဖူဟာရှီးမားနှင့် မိုင်ဘာရာဘူတာရုံအကြား ကျည်ဆန်ရထားပြေးဆွဲမှုကိုလည်း ရပ်ဆိုင်းထားခဲ့ရသည်။ **(အင်တာနက်)**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်က အထက (၁)မှော်ဝန်းရတနာခန်းမ၌ကျင်းပရာ ပညာသင်စရိတ် ထောက်ပံ့ငွေကျပ်လေးသိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ငြိမ်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ထွေးခင်ထံ ပေးအပ်စဉ်။ (၀၁၉)

ဒေသစိမ်းလန်းစိုပြည်ရေး တောင်သာ၌ သစ်ပင်စိုက်ပျိုး

တောင်သာ စက်တင်ဘာ ၃

တောင်သာမြို့နယ်အတွင်း ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ကျောက်ချော ကျေးရွာအုပ်စု တောင်သာ-မလှိုင် မော်တော်ကားလမ်းဘေး၌ ဒေသနှင့်ကိုက်ညီပြီး ရှင်သန်ဖြစ်ထွန်းလွယ်သည့် အရိပ်ရသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၂၄ ရက် နံနက်က ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ယူကလစ်ပင် ၇၈၀၊ ကျွန်းပင် ၃၀၊ မန်ကျည်းပင် ၇၀၊ တမာပင် ၁၂၀၊ ကုက္ကိုပင် ၁၀၀ စုစုပေါင်း အရိပ်ရပင် ၁၁၀၀ စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးမှု စနစ်တကျရှိစေရေးအတွက် မြင်းခြံခရိုင် သစ်တောဦးစီးဌာနမှူး ဦးမောင်မြင့်နှင့်ဝန်ထမ်းများ၊ စိမ်းစိုဌာနတာဝန်ခံများနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ထွေ/အုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဝေဒနာနုပဿနာ သတိပဋ္ဌာန်** တရားတော် (ဆရာတော် ဦးဃောသိတ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၈)
၈:၅၀	ezy Acoustic Show (Part-6)
၉:၅၀	Sunday Talk [မောင်လူမွေး (မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀:၂၀	ကုသိုလ်မိုးများဖြိုင်ဖြိုင်ရွာသောနေ့
၁၀:၄၀	ဗီဒီယိုပြခန်း
၁၁:၀၀	Activities in the City -Make a Wish Club မိတ်ဆက်ပွဲအခမ်းအနား
၁၁:၁၅	အရွယ်မရွေးလှပစေမည့်.... Ginger Beauty Land
၁၁:၄၀	ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၁၂:၀၀	ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ (အပိုင်း-၁)
၁၂:၂၅	ကြည်နူးမြတ်နိုးဖွယ် အလှအပများ စုဝေးရာ ပဒုမ္မာ
၁:၀၀	**ဝေဒနာနုပဿနာ သတိပဋ္ဌာန်** တရားတော် (ဆရာတော် ဦးဃောသိတ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း (ကိုယ့်အားကိုယ်ကိုးတာကောင်းတယ်၊ သူများအားကိုးတာကောင်းတယ်)
၃:၄၀	IZTM Group of Companies စွမ်းရည်ထက် အအေးခန်းစက်ရုံဖွင့်ပွဲ
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၈)
၅:၀၀	FMF Selection
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၇)
၇:၃၀	တို့ကျေးရွာ လယ်ယာတောသာမောဖို့...သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို ကျင့်သုံးစို့
၈:၀၀	MRTV-4 သတင်း
၈:၃၀	A Journey to Korea (Part-4)
၈:၄၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (လှလှရီ၏တေးများ)
၈:၅၅	သွားမယ်စားမယ် (it Food Centre)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၉)
၁၀:၂၅	Box Office Movies (300)
၁၀:၅၀	ရမ္မာဝတီသို့....ရွက်လွှင့်ခြင်း
၁၁:၁၀	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၁၁:၃၅	World Championships in Athletic Dagu
၁၂:၃၅	အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁၂:၅၅	Singapore Sunday
၁:၁၀	**ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)
၁:၂၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ယွန်းလတ်ဖြူ)
၁:၄၅	ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၁:၅၅	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း၊ မြန်မာ့အနုပညာ)
၂:၁၅	Shooting Location (ကီလီ-၆)
၂:၄၀	2 D
၃:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀	သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲ အထွက်တိုးအောင် စိုက်ကြစို့
၄:၁၀	မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မွေးမြူရေးဆိုင်ရာ ပညာပေးဟောပြော

ကျောက်ဆည် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာသိန်းမင်းသည် ဩဂုတ် ၁၃ ရက်နှင့် ၂၀ ရက်များတွင် ကျေးလက်ဒေသ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ကိုးဦးနှင့်အတူ မှိုင်းပန်း၊ ရေကြည်၊ လေးဆယ်ကုန်းနှင့် အောင်ချမ်းသာကျေးရွာများရှိ တောင်သူများနှင့်တွေ့ဆုံပြီး မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာသိန်းမင်းနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများသည် အဆိုပါကျေးရွာများရှိ နွားကောင်ရေ ၁၀၀၇ ကောင်အား တိရစ္ဆာန်ကာကွယ်ဆေးများထိုးပေးခဲ့ကြောင်း သိရှိရသည်။

(၄၁၀)



အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁၃၅) ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအမှတ်စဉ် (၅/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂ရက်နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ကျောင်းအုပ်ဆရာမကြီးက ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

သင်တန်းအမှတ်စဉ် (၆/၂၀၁၁)ကို စက်တင်ဘာ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ ဇာထိုးပန်းထိုး၊ ဘော်လီ/ ဘရာစီယာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ စင်တီမီတာ (စက်ချုပ်)၊ သိုးမွေး၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းပွင့်ပန်းခိုင် ပြုလုပ်နည်း၊ စက်ကလေး ပန်းထိုး၊ စက်ကြီးပန်းထိုးသင်တန်းများ ဖွင့်လှစ်ကာ (စနေ၊ တနင်္ဂနွေ) သင်တန်းကို စက်တင်ဘာ ၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဩဂုတ် ၂၃ ရက်က မင်းပြားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ် ဦးစီးဌာနမှူး ဦးကျော်ယဉ်ဦးက နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးထွန်းရွှေထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ငါးနီတူဖမ်းဆီးထုတ်လုပ်သူများ အစုအဖွဲ့ ဆိုင်းဘုတ်တင်

ဇ စက်တင်ဘာ ၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မွေးမြူရေးနှင့်သားငါး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်မှုအဖြစ် ဇမြို့နယ် ငါးနီတူ ဖမ်းဆီးထုတ်လုပ်သူများ အစုအဖွဲ့ဆိုင်းဘုတ်တင်ပွဲနှင့်အသင်းရုံးဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက ဇမြို့နယ် ရဟိုင်ကူးတို့ကျေးရွာရှိ အစုအဖွဲ့ အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အသင်းသား အသင်းသူများအား လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းမှာကြားသည်။ ထို့နောက် အစုရှယ်ယာထည့်ဝင်ငွေကျပ် ၁၅ သိန်းကို အသင်းကိုယ်စား အသင်းသားတစ်ဦးက ပေးအပ်ရာ အသင်းအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသန်းကလက်ခံယူသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့် အစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသန်း တို့က အစုအဖွဲ့ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂) ခန်းမ မရမ်းကုန်း၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများသည် ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

သိပ္ပံနည်းကျ သရုပ်ပြစိုက်ပျိုးပွဲ တန့်ဆည်၌ကျင်းပ

တန့်ဆည် စက်တင်ဘာ ၃

သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ မိုးစပါး သရုပ်ပြစိုက်ပျိုးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက တန့်ဆည်မြို့နယ် ကွဲ့ဆွဲကျေးရွာ တောင်သူဦးအုန်းမောင်၏ မိုးစပါးစိုက်ပျိုးမြေ နှစ်ဧက၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကြင်မောင်က ပေါင်းပျိုးစနစ်ဆောင်ရွက်မှု အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများက ရွေးသွင်းယ်ရင်မိုးစပါးကို ပေါင်းပျိုးစနစ် ပျိုးခင်းမှစိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးသရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ဝေဟင်ပိုင်နက်ဖြတ်ကျော်ပျံသန်းခ ၂၀၁၀-၂၀၁၁ ခုနှစ်၌ အများဆုံးရရှိ

မောင်ချစ်ကြည်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာ့ဝေဟင်ပိုင်နက်ကို ဖြတ်ကျော်ပျံသန်းနေတဲ့ ပြည်ပလေယာဉ်တွေဆီမှ ဖြတ်သန်းခရရှိမှုဟာ တစ်နှစ်ထက်တစ်နှစ်တိုးမြင့် ရရှိနေတယ်လို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောပြပါတယ်။ ၂၀၁၀-၂၀၁၁ခုနှစ် အတွင်းမှာ မြန်မာ့ဝေဟင်ပိုင်နက် ဖြတ်ကျော်ပျံသန်းခ ရရှိမှုဟာ အမေရိကန်ဒေါ်လာ ၆၉ သန်းကျော်ရရှိခဲ့တာမို့ နှစ်စဉ်အမေရိကန်ဒေါ်လာ ၆၅ သန်းခန့် ရရှိနေခဲ့တဲ့ စံချိန်ကို ကျော်လွန်ခဲ့တယ်လို့ ဆိုပါတယ်။

ပျံသန်းခွင့်ပြု

ဒီလိုမြန်မာ့ဝေဟင်ပိုင်နက်ကို ဖြတ်ကျော်ပျံသန်းမယ့် မည်သည့်ပြည်ပလေယာဉ်မဆို ဖြတ်သန်းခပေးဆောင်ရတာဖြစ်ပေမယ့် သတ်မှတ်ထားတဲ့ စည်းကမ်းသတ်မှတ်ချက်အရ စိစစ်ခွင့်ပြုပြီးမှသာ ပျံသန်းခွင့်ပြုတာဖြစ်ပါတယ်။ အဲဒီလိုဝေဟင်ပိုင်နက် ဖြတ်သန်းခပေးဆောင်ရသလို မြန်မာ့ဝေဟင်ပိုက်နက်အတွင်း ပြည်ပလေယာဉ်တွေ ဖြတ်သန်းတဲ့အခါ ခေတ်မီထိန်းသိမ်းစက် (လေကြောင်းလမ်းညွှန်စက်) အသုံးပြုခလည်းပေးဆောင်ရတယ်လို့ ဆိုပါတယ်။ အဲဒီအသုံးပြုခ နှစ်ရပ်ပေါင်းဟာ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ အမြင့်ဆုံး ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဖြတ်သန်းခ တိုးမြင့်ရရှိတာဟာ နိုင်ငံတကာလေကြောင်း ခရီးစဉ်တွေ တစ်နှစ်ထက် တစ်နှစ် တိုးတက်ဖွံ့ဖြိုးလာလို့ပဲ ဖြစ်ပါတယ်။

ပျံသန်း

မြန်မာ့ဝေဟင်ပိုင်နက်ကို နေ့စဉ် (၂၄ နာရီအတွင်း) ပျံသန်းနေတဲ့ လေယာဉ်ပေါင်းဟာ အစင်း ၄၀၀ ခန့်ရှိပါတယ်။ အများဆုံးဖြတ်သန်းတဲ့ လေယာဉ်တွေကတော့ ခရီးသည်တင် လေယာဉ်တွေပဲ ဖြစ်ပါတယ်။ ဒီလို ဖြတ်သန်းပျံသန်းတဲ့ လေယာဉ်တွေထဲမှာ Schedules (ခရီးစဉ်ပုံမှန် ပျံသန်းနေတဲ့) လေယာဉ်တွေ ရှိသလို ရံဖန်ရံခါ ပျံသန်းတဲ့ (Non-Schedules) လေယာဉ်တွေလည်း ပါဝင်တယ်လို့ ဆိုပါတယ်။ **(မြန်မာ့အလင်း)**

မြန်မာ့ရွှေဈေး စံချိန်တင်မြင့်တက်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာ့ရွှေဈေးကွက်မှာ ဩဂုတ် ၁၉ ရက် (သောကြာနေ့)က အခေါက်ရွှေ တစ်ကျပ်သားကို ငွေကျပ် ၇၀၄၅၀၀ နဲ့ စံချိန်တင်ခဲ့ရာမှ ဒီရက်ပိုင်း အတောအတွင်း တရိပ်ရိပ်ပြန်လည်ကျဆင်းဟန်ပြခဲ့ပါတယ်။

ဒါပေမယ့် စက်တင်ဘာ ၂ ရက် မြန်မာ့ရွှေဈေးကွက်ပိတ်ချိန်မှာတော့ အခေါက်ရွှေဈေး တစ်ကျပ်သား ငွေကျပ် ၇၂၀၀၀၀ နဲ့ စံချိန်တင်တက်ပြီး ပိတ်ခဲ့ပါတယ်။ နောက်တစ်နေ့ စက်တင်ဘာ ၃ ရက် နံနက်ခင်းဈေးအဖွင့်မှာတော့ ညကသိမ်းခဲ့တဲ့ စံချိန်ကိုကျော်ပြီး ငွေကျပ် ၇၂၈၀၀၀ နဲ့ စဖွင့်ခဲ့ပါတယ်။ ဒါ့ကြောင့် ရန်ကုန် လမ်းမတော်မြို့နယ် ရွှေဆိုင်တန်းမှ ဦးထွေးက "မြန်မာ့ရွှေဈေး အမြင့်ဆုံးစံချိန်တစ်ခုကို တင်ခဲ့ပြန်ပြီ"လို့ ဆိုခဲ့ပါတယ်။

စက်တင်ဘာ ၂ ရက် (သောကြာနေ့) ညနေ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၈၈၉ နဲ့ ပိတ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဈေး ရွှေဆိုင်တန်းမှ ဆရာကြည်က "မြန်မာ့ရွှေဈေးတက်ရတဲ့ အဓိကအကြောင်းအရင်းကို လေ့လာကြည့်တဲ့အခါ ငွေကြေးလဲလှယ်မှု ပြောင်းလဲနေတာကြောင့်ရယ်၊ ကမ္ဘာ့ရွှေဈေးက တရိပ်ရိပ်တက်နေတာကြောင့်ရယ်ပဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါတယ်။

ရွှေဘုံသာလမ်း ရွှေဈေးကွက်မှာတော့ အခေါက်ရွှေတွေ အဝယ်လိုက်နေပြီး အကယ်ဒမီနဲ့ ဘသန်းရွှေတို့က နာမည်ရှိပြီးသားမို့ ဈေးကွက်ကို စိုးမိုးထားပါတယ်။ ရွှေဆိုင်တစ်ဆိုင်က "အချို့ပေါ်ပင်စီးပွားရေးသမားတွေက ငွေကို အခြား မြေ၊ အဆောက်အအုံနဲ့ ကုမ္ပဏီတွေမှာ ရှယ်ယာထည့်မမြှုပ်နှံတော့ဘူး၊ အခေါက်ရွှေကို ဝယ်စုနေကြတယ်လေ"ဟု ဆိုပါတယ်။

ရန်ကုန်ရွှေဈေးဟာ စက်တင်ဘာ ၃ ရက် ညနေ ရွှေဈေးကွက်အပိတ်မှာတော့ အခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၇၂၃၅၀၀ ဖြစ်ပြီး ၁၅ ပဲရည် တစ်ကျပ်သား ငွေကျပ် ၆၇၈၅၀၀ နဲ့ ၁၄ ပဲရည်တစ်ကျပ်သား ငွေကျပ် ၆၃၃၀၀၀ ဖြစ်သွားခဲ့ပါကြောင်း ရွှေဈေးကွက်သတင်းအဖြစ် တင်ပြလိုက်ရပါတယ်။ (၀၄၂)

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြုနိုင်ရန် စံပြကျေးရွာငါးရွာ ရွေးချယ်ထား

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် လျှပ်စစ်ဓာတ်အားလိုင်း မရနိုင်သည့် ကျေးရွာငါးရွာကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြု၍ လျှပ်စစ်မီးရရှိ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆိုလာစနစ်အသုံးပြုရန် ရွေးချယ်ထားသည့် စံပြကျေးရွာများမှာ ထန်းတပင်မြို့နယ် လမုတန်းကျေးရွာ၊ ကျောက်တန်းမြို့နယ် ဘုတ်တလုတ်ကျေးရွာ၊ တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာ၊ ခရမ်းမြို့နယ် ဘုရားပြို ကျေးရွာနှင့် သုံးခွမြို့နယ် ညောင်လမ်းကုန်းကျေးရွာတို့ဖြစ်သည်။

စံပြကျေးရွာများ ရွေးချယ်ရာ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးကို အိမ်သုံးရန်တစ်မျိုးတည်းမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးမှုအလားအလာရှိသော ကျေးရွာများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဆိုလာစနစ် အထောက်အကူပြုပစ္စည်းများကို အိန္ဒိယနိုင်ငံ Pmi Bergen DDR Group က လှူဒါန်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်သွယ်ထားကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

OK Myanmar Co.,Ltd ကလည်း ကျေးလက်ဒေသများတွင် အသုံးပြုနိုင်မည့် ဆိုလာစွမ်းအင် သရုပ်ပြပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံး၌ ရှင်းလင်းပြသသွားခဲ့သည်။ **နှဲ့နှဲ့ကြည်(သတင်းစဉ်)**

မှုခင်းသတင်း — မော်တော်ဆိုင်ကယ် လုယူမောင်းနှင်ထွက်ပြေးသူ ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

လှိုင်ကော် စက်တင်ဘာ ၃

ဩဂုတ် ၂၂ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က လှိုင်ကော်မြို့ လှိုင်ကော်တက္ကသိုလ်အနီး ထေးငှားလျားကန်ပေါင်ပေါ်တွင် လှိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စု လောခလေးကျေးရွာနေ မောင်ဝေလင်းဟန်နှင့် မ-----တို့ စကားပြောနေကြစဉ် အမည်မသိ အမျိုးသားနှစ်ဦး မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး မောင်ဝေလင်းဟန်ပိုင် မော်တော်ဆိုင်ကယ်ကို မောင်းနှင်ယူဆောင် ထွက်ပြေးသွားကြသည်။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ လှိုင်ကော်ရဲစခန်းက ရှာဖွေစုံစမ်းဖော်ထုတ်ရာ အခင်းဖြစ်ပွားပြီး ၂၄နာရီအတွင်းမှာပင် လှိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်အတွင်း တက္ကသိုလ်လမ်းဆုံ၌ မသင်္ကာသူတစ်ဦးဖြစ်သူ လှိုင်ကော်မြို့နယ် ထေးပလောခူကျေးရွာနေ မောင်ရွှတ် အသက်(၃၈)နှစ် အား ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ရာ မောင်ရွှတ်၏ အစစ်ခံထွက်ဆိုချက်အရ မောင်ဝေလင်းဟန်၏ မော်တော်ဆိုင်ကယ်ကို မောင်းနှင်ယူဆောင်ထွက်ပြေးသူမှာ လှိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်နေ မောင်ဒါး(ခ)ဒါးရီယို အသက် (၂၄)နှစ်ဖြစ်ကြောင်း သိရသည်။ ထို့နောက် မောင်ဒါး(ခ)ဒါးရီယိုအား ၎င်း၏ နေအိမ်၌ ဩဂုတ် ၂၃ ရက် နံနက် ၂ နာရီ မိနစ် ၂၀တွင် ဖမ်းဆီးစစ်ဆေးခဲ့ရာ မောင်ဒါး(ခ)ဒါးရီယို၏ အစစ်ခံထွက်ဆိုချက်အရ ဝေ့ဗ်-၁၁၀ အမျိုးအစား ခဲနက်ရောင် မော်တော်ဆိုင်ကယ်အား ၎င်း၏ နေအိမ်နှင့် လေးဖာလုံခန့်အကွာ ထေးပလောခူကျေးရွာအနီး လယ်စောင့်တဲတစ်ခုရှေ့၌ ဝှက်သိမ်းထားကြောင်း သိရသဖြင့် ရဲတပ်ဖွဲ့မှ ဆက်လက်ရှာဖွေသိမ်းဆည်းခဲ့ကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

အလုပ်လုပ်ချင်သူများအတွက် အလုပ်အကိုင် မရှားပါ

သတင်းမှတ်စုနှင့် ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် စက်တင်ဘာ ၃

ယခုအခါ ရန်ကုန်မြို့ရှိ မြို့တွင်းခရီးသွားယာဉ်လိုင်းမှတ်တိုင်များတွင် သမ္မာအာဇီဝအလုပ်အဖြစ် ယာဉ်လိုင်းအချိန်မှတ်အလုပ်ကို လုပ်ကိုင်နေကြသည်များ တွေ့လာရသည်။ အလုပ်လုပ်ချင်သူများအတွက် အလုပ်အကိုင်မရှားပါဟူသော စကားကို စာရေးသူ သတိရမိသည်။

ရန်ကုန်မြို့တွင်း ခရီးသည်တင် လိုင်းကားများသွားရာလမ်းတစ်လျှောက် မှတ်တိုင်များတွင် ကားဆိုက်သည်နှင့် "ရှေ့ကားသုံးမိနစ်၊ လိုင်းတူ ငါးမိနစ်" စသည်ဖြင့် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုက ခန့်အပ်တာဝန်ပေးထားခြင်းမဟုတ်သော်လည်း ယာဉ်လိုင်းများ၊ ခရီးသွားများအတွက် အထောက်အကူဖြစ်စေသည့် အလုပ်အဖြစ် ယာဉ်မောင်းများနှင့် သဘောညီတူကြကာ ယာဉ်လိုင်းအချိန်မှတ် အလုပ်လုပ်ကိုင်လာကြသည့် လူငယ်၊ လူရွယ်များကို တွေ့မြင်နေရသည်။

ရန်ကုန်မြို့တွင် ခရီးသွားဦးရေ များပြားလာသည်နှင့်အမျှ ယာဉ်လိုင်းများ၊ မော်တော်ယာဉ်အစီးရေများ တိုးချဲ့ဖြည့်ဆည်းပေးလျက်ရှိရာ လိုင်းကားများ အဆက်ပြတ်သည်ဟူ၍ မရှိပေ။ ထို့ကြောင့် လိုင်းကားများအနေဖြင့် ခရီးသည် ရရှိရေးအတွက် ရှေ့ကားနှင့် ချိန်ဆမောင်းနှင်နေရသည်။ ယခင်က ရှေ့ကယာဉ် မည်သည့်အချိန်က ထွက်ခွာသွားသည်ကို သိလိုသည့်အခါ ကားဂိတ်ရှိ ကွမ်းယာဆိုင်လေးများကိုသာ "ရှေ့ကားထွက်ခွာတာ ဘယ်လောက်ကြာပြီလဲ"ဟုမေး၍ မောင်းနှင်နေကြရသည်။ သို့အတွက် ဤနေရာတွင် ကြားခံအကူအညီပေးမည့်သူများ လိုလာသည်။ လိုအပ်ချက်တစ်ရပ်အနေဖြင့် ပေါ်ပေါက်လာသော အရင်းမစိုက် တွက်ခြေကိုက်သည့် လုပ်ငန်းတစ်ခုအဖြစ် ယခုအခါ လူငယ် လူရွယ်များ လုပ်ကိုင်လာကြခြင်းဖြစ်သည်။

သီရိမင်္ဂလာဈေးဟောင်းအနီး မြောင်းကြီးကားမှတ်တိုင်တွင် အချိန်မှတ်ပြောပေးနေသော မသန်းသန်းထွေး။

ပန်းဆိုးတန်းဂိတ်(မဟာဗန္ဓုလလမ်းကြော)မှ အချိန်မှတ် လူငယ်တစ်ဦးနှင့် စကားစပ်မိခဲ့စဉ် "ကျွန်တော်တို့လို အချိန်မှတ်ပေးတဲ့သူတွေက ကိုယ့်လိုင်းနဲ့ကိုယ်ပါ၊ တချို့က တစ်လိုင်းကောင်း ကိုင်ကြတယ်။ အချို့ကြတော့လည်း နှစ်လိုင်း၊ သုံးလိုင်းအထိ မှတ်ပေးကြတယ်"ဟု ဆိုခဲ့သည်။

ဝင်ငွေရရှိမှုနှင့်ပတ်သက်၍ မေးကြည့်ရာ "လိုင်းရဲ့အစီးရေပေါ်မူတည်ပါတယ်။ တစ်စီးငွေကျပ် ၂၀၀ ရပါတယ်။ ကျွန်တော်က အဓိပတိ အနီနဲ့ ၁၅၇ နှစ်လိုင်းကိုင်တော့ တစ်နေ့ငွေကျပ် ၉၀၀၀/၁၀၀၀၀ စွန်းစွန်းရပါတယ်"ဟု ပြောပြရာ အံ့ဩမိသည်။ သည်ထဲမှ အချိန်မှတ်အမျိုးသမီးငယ်တစ်ဦးကို ရှားရှားပါးပါးတွေ့မြင်ခဲ့ရသည်။ ကမ်းနားလမ်း သီရိမင်္ဂလာဈေးဟောင်းအနီး မြို့ထဲသွားသည့် အခြမ်း မြောင်းကြီးမှတ်တိုင်တွင် ဖြစ်သည်။

သူမ၏အမည်က မသန်းသန်းထွေးဖြစ်သည်။ အသက်အရွယ်အားဖြင့် (၃၁)နှစ်ရှိပြီဖြစ်သည်။ အဓိပတိအပြာကားတစ်စီးထိုးဆိုက်လာသည်နှင့် သူမက "ရှေ့ကားခြောက်မိနစ်၊ လိုင်းတူလေးမိနစ်"ဟု လက်ချောင်းလေးများထောင်ကာ ကားဆီသို့ အော်ပြောနေသည်။ သူမသည်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းကာ အလုပ်လုပ်နေခြင်းပင် ဖြစ်သည်။ သူမက "ကျွန်မအမျိုးသားက အရင်က ယာဉ်မောင်းပါ၊ ကျန်းမာရေးကြောင့် အခုမမောင်းနိုင်တော့ဘူး၊ ဒါ့ကြောင့် ဒီအလုပ်ကိုလုပ်တာပါ။ ကျွန်မ မရှက်ပါဘူး။ ဒါဟာ သမ္မာအာဇီဝကျတဲ့ လုပ်ငန်းပါ။ ကိုယ်က သူတို့ကို အကူအညီပေးတယ်။ သူတို့က စေတနာနဲ့ ပြန်ပေးသွားတဲ့ငွေကြေးပါ။ စိတ်ထဲမှာလည်း သန့်ပါတယ်"ဟု ရိုးသားပွင့်လင်းစွာ ပြောပြသည်။

သူမတွင် သားသမီးသုံးယောက်ရှိသည်ဟုဆိုသည်။ အကြီးက ကိုးတန်း၊ အလတ်က ခြောက်တန်း၊ အငယ်ဆုံးကသူငယ်တန်းဖြစ်သည်။ သူမ၏အလုပ်အချိန်က ပုံမှန်သတ်မှတ်ထားသည်မဟုတ်သော်လည်း နေ့စဉ် နံနက် ၇ နာရီကျော်မှ ည ၈ နာရီခန့် နောက်ဆုံးကားဝင်ချိန်အထိဖြစ်သည်။ နေပူမရှောင်၊ မိုးရွာမရှောင်၊ နားရက်မရှိ ပြေးပြေးလွှားလွှား၊ လှုပ်လှုပ်ရှားရှားဖြင့် မိသားစုအတွက် ရိုးသားစွာကြိုးစားနေသူတစ်ဦးအဖြစ် စံပြုရင်း ယနေ့အလုပ်မရှိဟု ညည်းတွားနေသူ လူငယ်လူရွယ်များအတွက် အလုပ်ဟူသမျှဂုဏ်ရှိစွ ဟူသော စကားကိုဖော်ညွှန်းရင်း အလုပ်လုပ်ချင်သူများအတွက် အလုပ်မရှားပါဟု အတုယူစရာ မြင်ကွင်းတစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လိုက်လံကြည့်ရှုအားပေး

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်း ၂၀၁၁ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲ စားပွဲတင်တင်းနစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၁၁ခုနှစ် ပထမအကြိမ် နေပြည်တော် Champion Challenge Cup Tournament ပြိုင်ပွဲ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသော စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားအသင်းလိုက် ပွဲစဉ်များတွင် လားရှိုးကလပ်အသင်းနှင့် မန္တလေးကလပ်အသင်း၊ အမျိုးသမီးအသင်းလိုက် ပွဲစဉ်များတွင် မန္တလေးကလပ်အသင်းနှင့် ရန်ကုန်ကလပ်အသင်းတို့သည် ဗိုလ်လုပွဲများသို့ တက်ရောက်လာကြပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် မန္တလေးကလပ်အသင်းက ပထမ၊ လားရှိုးကလပ်အသင်းက ဒုတိယ၊ ရန်ကုန်ကလပ်အသင်းနှင့် ဘားအံကလပ်အသင်းတို့က ပူးတွဲတတိယ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် မန္တလေးကလပ်အသင်းက ပထမ၊ ရန်ကုန်ကလပ်အသင်းက ဒုတိယ၊ လားရှိုးကလပ်အသင်းနှင့် မကွေးကလပ်အသင်းတို့က ပူးတွဲတတိယ ရရှိသွားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်း အားကစားခန်းမ၌ ကျင်းပလျက်ရှိသော Champion Challenge Cup Tournament ပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသမီး သုံးယောက်တွဲ အုပ်စုပတ်လည်ပွဲစဉ်များကို သွားရောက်ကြည့်ရှုအားပေးသည်။ စက်တင်ဘာ ၄ ရက်တွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲနှင့် အမျိုးသမီးသုံးယောက်တွဲ ရှုံးထွက်ပွဲစဉ်များနှင့် တတိယနေရာလုပွဲများကို လည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ထိုမြို့နယ်၌ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ကျိုက်ထို စက်တင်ဘာ ၃

ကျိုက်ထိုမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၂၀ရက်တွင် ကျိုက်ထိုမြို့နယ် အားကစားကွင်း၌ ကျင်းပရာ အဆိုပါပြိုင်ပွဲတွင် အဘိုင်းကျေးရွာဘောလုံးအသင်းနှင့် မုပ္ပလင်ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အဘိုင်းကျေးရွာဘောလုံးအသင်းက မုပ္ပလင်ကျေးရွာဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆုများအသီးသီးချီးမြှင့်

ပြိုင်ပွဲတွင် ပထမဆုရရှိသော အဘိုင်းကျေးရွာဘောလုံးအသင်းအား ပြည်နယ် လွှတ်တော်ဒုတိယ ဥက္ကဋ္ဌဦးဌေးလွင်က ငွေကျပ်ငါးသိန်းနှင့်တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း **(ဓာတ်ပုံ)**၊ ဒုတိယဆုရရှိသော မုပ္ပလင်ကျေးရွာအသင်းအား ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းမြင့်က ဆုငွေကျပ်လေးသိန်းကို လည်းကောင်း၊ တတိယဆုရရှိသော မလော့ချောင်ကျေးရွာ အသင်းအား ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းကလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်ဒိုနီးရှားရိုးရာ လက်ဝှေ့သင်တန်း မြန်မာ့လက်ဝှေ့အားကစားသမားများ တက်ရောက်မည်

ရန်ကုန် စက်တင်ဘာ ၃

အင်ဒိုနီးရှားနိုင်ငံ၌ စက်တင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည့် အင်ဒိုနီးရှား ရိုးရာလက်ဝှေ့သင်တန်း Jarung Derajat လေ့ကျင့်မှုအစီအစဉ်အတွက် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှ လက်ဝှေ့ကစားသမား ၁၈ ဦး သင်တန်းတက်ရောက်ကြမည်ဖြစ်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင့် ခေါင်းဆောင်၍ နည်းပြအဖြစ် ဦးစီးအရာရှိ ဦးဗလကျော်သူတို့ လိုက်ပါသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

အဆိုတော် မက်ဒေါနား ရုပ်ရှင်ဒါရိုက်တာ လုပ်ပြီ

သရုပ်ဆောင်ဘိုရပ် မက်ဒေါနား

ဗင်းနစ်(အီတလီ) စက်တင်ဘာ ၃

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် မက်ဒေါနားသည် စက်တင်ဘာ ၂ ရက်က ဗင်းနစ် နိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင်ဒါရိုက်တာတစ်ဦးအဖြစ် ရောက်ရှိလာသည်။

ရိုက်ကူးထား

အသက် ၅၃ နှစ်အရွယ်ရှိ အဆိုတော် မက်ဒေါနားသည် W.E ဟု အမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည်။ ယင်းဇာတ်ကားကို ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပွဲဦးထွက်ပါဝင်ပြသရန် ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းဇာတ်ကားသည် ဝေါလစ်ဆင်ဆွန်နှင့် ဘုရင်အက်ဝပ် VIII တို့အကြား ဆက်ဆံရေးကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။ ရာဇဝင်အချစ်ဇာတ်လမ်းဖြစ်သည်။ ဗြိတိသျှ သရုပ်ဆောင်မင်းသမီး အင်ဒရီယာရိုက်ဘိုရပ် (Andrea Rise Borougu) က ဝေါလစ်ဆင်ဆွန်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ (၆၈)ကြိမ်မြောက် နိုင်ငံတကာ ဗင်းနစ်ရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မြင့်မောင်စိုး – ရေးသားသည်

ပေါ့ပ်အဆိုတော် ဂျက်ဆီးဂျေ Mobo ဂီတဆုများဆွတ်ခူးရန် ရေပန်းစား

လန်ဒန် စက်တင်ဘာ ၃

ပေါ့ပ်အဆိုတော် ဂျက်ဆီးဂျေ (Jessie J) သည် ယခုနှစ် Mobo တေးဂီတဆုအတွက် ဆန်ခါတင်စာရင်း ထွက်ပေါ်လာခဲ့ရာ ဆုဆွတ်ခူးရန် ရေပန်းစားနေသူဖြစ်သည်။ သူမသည် အကောင်းဆုံးသီချင်းဆုအပါအဝင် ဆုငါးဆုဆွတ်ခူးရန်လည်း ရေပန်းစားနေသူဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ အဆိုတော်ဂျက်ဆီးဂျေ ***(အပေါ်ပုံ)****သည် အကောင်းဆုံးတေးအယ်လ်ဘမ်ဆု၊ အကောင်းဆုံး လူသစ်တန်းအဆိုတော်ဆု၊ အကောင်းဆုံး ဗီဒီယိုဆုနှင့် အကောင်းဆုံး(ဗြိတိသျှ) အဆိုတော် ဆုများဆွတ်ခူးရန် ရေပန်းစားနေသူဖြစ်သည်။*

အဆိုတော်အဒေလီသည် ၂၁ အမည်ရှိ တေးအယ်လ်ဘမ်ဖြင့် ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်ဆုဆွတ်ခူးရန် ရေပန်းစားနေသည်။ ယင်းဆုကို လာမည့်အောက်တိုဘာ ၅ ရက်တွင် ဂလက်ဂေါမြို့၌ အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အဆိုပါ အကောင်းဆုံးဂီတဆုများကို Mobo ဝက်ဘ်ဆိုက်မှတစ်ဆင့် ပရိသတ်များက ဆန္ဒပြုရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

မြန်မာဇာတ်ကားသစ်များ ယခုတစ်ပတ် ရုံမဝင် နိုင်ငံခြားဇာတ်ကားဟောင်းများ ဆက်လက်ပြသ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် စက်တင်ဘာ ၃

ယခုတစ်ပတ် ရန်ကုန်မြို့လယ် ရုံများတွင် မြန်မာဇာတ်ကားသစ်များ ရုံမဝင်ဘဲ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် **အိုင်လပ်(ဗ)ယူ** ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ညီညီထွန်းလွင်က ရိုက်ကူးခဲ့ပြီး ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်၊ နေဆန်း၊ ဗေလုဝ၊ ခင်လှိုင်၊ ဧရာ၊ကျော်ထူးနှင့် သရုပ်ဆောင်များစွာက ပါဝင်သရုပ်ဆောင်ထားကြသည်။ ဇာတ်ကားမှာ မိဘများထားရစ်ခဲ့သော အမွေဖြင့် အပူအပင်ကင်းစွာနေထိုင်ကြသည့်အစ်ကိုကြီး သိန်းဇံ (ရန်အောင်)၊ ညီလတ် သိန်းတန်(သူထူးစံ)၊ ညီငယ် သိန်းဟန် (မိုးအောင်ရင်)တို့က မိန်းကလေးများနှင့် တွေ့ဆုံပြီး အချစ်ဇာတ်လမ်းများ ဖြစ်ပေါ်လာပုံကို အထင်လွဲ အမြင်လွဲ ဇာတ်ဝင်ခန်းများဖြင့် ဟာသနှော ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ **(အောက်ပုံ)**

ရန်ကုန်မြို့လယ်ရှိ ရွှေဆောင်ရုပ်ရှင်ရုံတွင် **COWBOYS & ALIENS** ဇာတ်ကားနှင့် နေပြည်တော်ရုပ်ရှင်ရုံတွင် ချင်ပန်ဇီမျောက်များနှင့်လူသားများ အသိဉာဏ်ချင်း ပြိုင်ကြသည့် **Rise of The Plane of Apes** ဇာတ်ကား ဆက်လက် အောင်ပွဲခံပြသလျက်ရှိပါကြောင်း သတင်းအမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဘဏ်များအသင်း နာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရန်ကုန်မြို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ) အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

စီးပွားရေးအင်အားတောင့်တင်းခိုင်မာသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေး အားလုံးညီညီညာညာလက်တွဲဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်၊ အာဆီယံဈေးကွက်၊ အာရှဈေးကွက်၊ ကမ္ဘာ့ဈေးကွက်များ၌ ယှဉ်ပြိုင်နိုင်စွမ်းရှိရန်၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုမှတစ်ဆင့်ရရှိလာသည့် အသီးအပွင့်များကို မိဘပြည်သူများအားလုံး ခံစား၊ စံစားနိုင်ပြီး လူမှုစီးပွားဘဝအခြေအနေကောင်းများ ရရှိလာစေရန်အတွက် ဆောင်ရွက်ရန်ရှိသည်များကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်းဖြင့် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ) အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ မန်နေဂျင်းဒါရိုက်တာများနှင့်တွေ့ဆုံပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘဏ်များအသင်း နာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက နိုင်ငံတော်အတွင်း ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးအခြေအနေများ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာအရှေ့တိုင်းဘဏ်ဥက္ကဋ္ဌ ဦးမြသန်းက Myanmar Payment Union (MPU) Card စနစ်အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဘဏ်ဥက္ကဋ္ဌများနှင့် ဝါရင့်စီးပွားရေးပညာရှင်များက ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လက်တွဲဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း နေ့စဉ်တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် မိုက်ခရိုစီးပွားရေးအခြေအနေများကို အကဲဖြတ်သုံးသပ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအတွက်၊ မိဘပြည်သူအားလုံးအတွက် အကောင်းဆုံးဖြစ်စေမည့်အစီအမံများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ အားလုံး၏အကျိုးစီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရန် ရှိသည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးရေးအတွက် စီးပွားရေးအင်အား တောင့်တင်းခိုင်မာသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်စေရေးအတွက် အားလုံးညီညီညာညာ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောက်ဖုံးမှ

ဒေသခံတိုင်းရင်းသားပြည်သူများသည် မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့် မျိုးဆက်သစ်လူငယ်များအား ကျန်းမာကြံ့ခိုင်မှု၊ ပညာရည်ပြည့်ဝမှုများရရှိစေရုံသာမက အသင်းအဖွဲ့များ စုစည်းတည်ထောင်၍ ပြည်နယ်အကျိုး၊ နိုင်ငံတော်အကျိုးကို ထမ်းဆောင်နိုင်မည့် လူငယ်သမဝါယမအသင်းသားများ (Youth Co-operators)ဖြစ်ထွန်းပေါ်ပေါက်လာစေရန် စည်းရုံးတာဝန်ပေးအပ်သွားရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအထောက်အကူပြုကော်မတီ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းရင်းသားပြည်သူများအား သမဝါယမလုပ်ငန်းများဆိုင်ရာ အသိပညာပေးဗဟုသုတများ ဖြန့်ဖြူးပေးရုံသာမက အတတ်ပညာနှင့် ပဏာမရင်းနှီးမတည်ငွေများ ပံ့ပိုးကူညီဆောင်ရွက်ပေးသည့်အတွက် ကချင်ပြည်နယ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် လက်ဝါးယန်ဒေသရှိ တစ်ပိုင်တစ်နိုင် သဘာဝကျွန်းစိုက်ခင်းများနှင့် လယ်ယာမြေများ ဖော်ထုတ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဒေသခံတိုင်းရင်းသားများက ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ငွေထုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းခန်းမ၌ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံသည်။

ဆက်လက်၍ နောင်ချိန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ကျေးရွာခန်းမ၌ ဒေသခံတိုင်းရင်းသားများအား လည်းကောင်း တွေ့ဆုံသည်။

သမဝါယမဝန်ကြီးဌာနသည် ကချင်ပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ရက်အထိ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့အတွင်း ရပ်ကွက်/ကျေးရွာများ၌ သမဝါယမအသင်းအစုအဖွဲ့ (၃၂)သင်း ဖွဲ့စည်းပေးနိုင်ခဲ့ပြီး အသင်းသား ၂၅၅၂ ဦးကို အသားတင်ပံ့ပိုးငွေကျပ် ၁၆၆၈ သိန်းကျော်ဖြင့် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development Forum)ကို မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)တွင် စက်တင်ဘာ ၈ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှု စာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် Panel Discussion on GP Practice Management တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ဆရာဝန်အသင်း)

လူကုန်ကူးမှုကို ဖြတ်ကူးပါ

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။
(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။
(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

မွန်ပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး စည်းဝေး

နေပြည်တော် စက်တင်ဘာ ၃

၂၀၁၁ ခုနှစ် မွန်ပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (၃/၂၀၁၁)အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီး ဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

မွန်ပြည်နယ်၏ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်ခန်းမ၊ ပညာရေးကောလိပ်နှင့် အထက(၈)တို့တွင် သုံးနေရာခွဲကာ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ ကျောက်ဖုံးမှ

ပြည်ထောင်စု ဝန်ကြီးသည် အဆိုပါလမ်း မိုင်တိုင်အမှတ်(၇၁/၄)နှင့် (၇၁/၅)အကြား၌ စိုးမိုးရတနာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် အရှည်ပေ ၁၆၀ ရှိ မရမ်းချောင်း ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ မိုင်တိုင်အမှတ်(၇၀/၀)နှင့် (၇၀/၁)အကြား မြေပြိုကျသည့်နေရာတွင် မြေကာနံရံ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၄၃/၂) နှင့် (၄၃/၃) အကြား ကတ္တရာလမ်းသား လေးပေခန့် နိမ့်ကျသွားသည့်နေရာ၌ ကျောက်ထည့်၍ ပြုပြင်ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၆၄/၃)နှင့် (၆၄/၄)အကြား၌ ပြတ်ရွေ့ကြောသဏ္ဌာန် မြေနိမ့်ကျသွားသည့်နေရာတွင် ကတုတ်ရိုက်၍ ပြန်လည်ပြုပြင်နေမှုနှင့် မိုင်တိုင်အမှတ်(၆၃/၁)နှင့် (၆၃/၂)အကြား၌ အရှည်ပေ (၁၂၀)ရှိ ကရင်မသေချောင်း ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် လမ်းပိုင်းအလိုက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရန်၊ တံတားအောက်ရေစီးလမ်းကြောင်းတွင် ဒိုက်ဖတ်များ၊ သစ်တုံးများ ပိတ်ဆို့မှုမရှိအောင် ရှင်းလင်းဖယ်ရှားပေးရန်တို့ကို မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ပေါက်ခေါင်းမြို့နယ် အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် လည်းကောင်း၊ ပြည်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းခရိုင်အင်ဂျင်နီယာမှူးရုံး၌ အထူးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဖွဲ့များမှ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

ရန်ကုန် စက်တင်ဘာ ၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်ကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းမှ အသင်းသား ဒေသခံ တောင်သူ ၃၈၃ ဦးတို့အား စိုက်ပျိုးစရိတ်ချေးငွေများကို ဩဂုတ် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ချေးငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က မလစ်ကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ဝ၅၆)

ပြည်ပကုန်သွယ်ရေးသည် အရေးကြီးသည့်စီးပွားရေးကဏ္ဍတစ်ခုဖြစ် ကုန်သွယ်မှုတိုးတက်မှုမှတစ်ဆင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုဖော်ဆောင်

ရန်ကုန် စက်တင်ဘာ ၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၏ ရန်ကုန်တိုင်းဒေသကြီးရုံး၌ ကျင်းပသည့် ကုန်သွယ်မှု မြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ပြည်ပကုန်သွယ်ရေးသည် အရေးကြီးသည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးတက်မှုမှတစ်ဆင့် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ကြောင်း၊ အစိုးရသစ်တာဝန်ယူချိန်မှ ငါးလတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ထက် သိသိသာသာ ပိုမိုတိုးတက်လာခဲ့ကြောင်း၊ ယခင်နှစ်ယခုအချိန်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၆ဘီလီယံသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ၇ ဒသမ ၄၆ ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အဓိကလုပ်ဆောင်

ထို့အတူ ပို့ကုန်ရော သွင်းကုန်ပါ ယခင်နှစ်ကထက် ပိုမိုတင်ပို့တင်သွင်းနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပုဂ္ဂလိကများ အဓိကလုပ်ဆောင်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့တွင် ပို့ကုန် သိသိသာသာ တိုးချဲ့တင်ပို့နိုင်ခဲ့ပြီး ရော်ဘာ၊ ရေထွက်ပစ္စည်း၊ နှမ်း၊ သစ်တောထွက်ပစ္စည်းများ တင်ပို့မှုသည် ယခင်နှစ်ကထက် အနည်းငယ်လျော့ကျခဲ့ကြောင်း၊ သွင်းကုန်ကဏ္ဍတွင်လည်း ယမန်နှစ်က ယခုအချိန်တွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံသာ တင်သွင်းခဲ့သော်လည်း ယခုနှစ်တွင် ၃ ဒသမ ၈၄ ဘီလီယံအထိ သိသိသာသာ တိုး၍ တင်သွင်းခဲ့ကြောင်း။

ကုန်သွယ်မှုနှင့် ပတ်သက်၍ ပို့ကုန်၊ သွင်းကုန်လိုင်စင်များ တစ်ပတ်အတွင်းရရှိအောင် ဆောင်ရွက်ပေးနေခြင်း၊ ပို့ကုန်၊ သွင်းကုန် လုပ်ဆောင်ရာတွင် လုပ်ငန်းရှင်များအားလုံး ပါဝင်နိုင်အောင် ဆောင်ရွက်ပေးနေခြင်း၊ လုပ်ငန်းသုံးယာဉ်နှင့် ယန္တရားများကို အကန့်အသတ်မဲ့ တင်သွင်းခွင့်ပြုနေခြင်း၊ စက်သုံးဆီနှင့်စားအုန်းဆီများကိုလည်း ပြည်တွင်းသုံးစွဲမှု လုံလောက်အောင် တင်သွင်းခွင့်ပြုနေခြင်း၊ ပို့ကုန်ပစ္စည်းရှစ်မျိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်းကို (၆)လ ယာယီကင်းလွတ်ခွင့်ပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အမေရိကန်ဒေါ်လာဈေးနှင့် Earning ဈေး ကျဆင်းမှုများရှိခဲ့သည့်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်သည့်အခါ အခက်အခဲများ ရှိနိုင်ကြောင်း၊ ပို့ကုန်၊ သွင်းကုန်များ အရှိန်အဟုန်မပျက် ဆက်လက်လုပ်ကိုင်နိုင်ရန် နိုင်ငံတော်ကလည်း နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးနေကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊မြန်မာနိုင်ငံစက်မှုကုန်ထုတ်အသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် ညီနောင်အသင်း (၂၃)သင်းမှ ဥက္ကဋ္ဌများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သွယ်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကုန်သွယ်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ရေဝင်ရောက်မှုကြောင့် ခေတ္တပြောင်းရွှေ့လာသူ ပြည်သူများအား နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ရေဝင်ရောက်မှုကြောင့် ခေတ္တပြောင်းရွှေ့လာသူ ပြည်သူများအား ကျန်းမာရေး၊ လုံခြုံရေးနှင့် နေထိုင်စားသောက်ရေးဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီတွင် မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ရေဝင်ရောက်မှုကြောင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားပရိဝုဏ်အတွင်းရှိ ဇရပ်အသီးသီး၌ ခေတ္တပြောင်းရွှေ့လာသူ ပြည်သူများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇရပ်အသီးသီး၌ ခေတ္တပြောင်းရွှေ့လာသူ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ လုံခြုံရေးနှင့် နေထိုင်စားသောက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် စက်တင်ဘာ ၃

ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက်၁၀ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်းက ဆပ်ကော်မတီအလိုက် ဖွဲ့စည်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့တာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရွှေဖုံးမှ

ပြည်ထောင်စုတရားသူကြီးချုပ်သည် နံနက် ၉ နာရီတွင်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ လေ့ကျင့်ဌာန၌ ကျင်းပသည့် ဒုတိယမြို့နယ် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယမြို့နယ် တရားသူကြီးများအနေဖြင့် ဥပဒေရေးရာ၊ တရားစီရင်ရေးရာ၊ တရားရုံးစီမံခန့်ခွဲရေးရာ လုပ်ငန်းများတွင် အရည်အသွေး တိုးတက်မြင့်မားနေစေရန်နှင့် အမှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်နိုင်ရန် ရည်ရွယ်ပြီး သင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် နောင်တစ်ချိန် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်ကြရန် ယခုကတည်းက အရည်အချင်းမြင့်မားပြီး တရားစီရင်ရေးတာဝန်ကို ယုံကြည်စိတ်ချစွာ အပ်နှံခြင်းခံထိုက်သူများဖြစ်အောင် သင်တန်းကပို့ချလိုက်သည့် ဘာသာရပ်များကို အလေးထားမှတ်သားကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ ရွှေဖုံးမှ

ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စတင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်မရှိရန်နှင့် ထွက်ရှိသမျှကို အသေးစိတ်မှတ်တမ်းတင်ရန် မှာကြားသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စိုက်ခင်းအတွင်း သုတေသနပြုစိုက်ပျိုးထားရှိသော သက်တမ်း ၇၃ ရက်ရှိ ဆန်မွှေးစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သုတေသနပြုစိုက်ပျိုးထားသော ဆန်မွှေးစပါး၏ သွင်ပြင်လက္ခဏာများနှင့် သက်တမ်း၊ အထွက်နှုန်း၊ စားသုံးမှုအရည်အသွေး (Eating Quality) များကို ဓာတ်ခွဲခန်းတွင် စပါးထွက်ရှိချိန်၌ သုတေသနပြုလုပ်ပြီး အသေးစိတ်အစီရင်ခံစာပြုစုမှတ်တမ်းတင်ရန် မှာကြားကာ စိုက်ကွင်းအတွင်းရှိ စပါးခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရရှိသည့် ရင်းနှီးမတည်ငွေများကို အကျိုးရှိရှိသုံးစွဲ လူမှုစီးပွားအဆင့်မြင့်မားရေး တစိုက်မတ်မတ် ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုပ်ကျေးရွာ အောင်တော်မူမွမ်သိဒ္ဓိ သိမ်တော်၌ကျင်းပသည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ရှင်တော်၊ ယိုးတရုပ်ကျေးရွာအုပ်စု ဝါးနီးဖျာရက်လုပ်ရောင်းချသူများအစုအဖွဲ့သို့ ရင်းနှီးမတည်ငွေထုတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ၎င်းဒေသ၏ လက်မှုထုတ်ကုန်ပစ္စည်းဖြစ်သည့် ဝါးနီးဖျာ ရက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် အတိုးနည်းချေးငွေများကို ရင်းနှီးမတည်ငွေအဖြစ် ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ရရှိသည့် ရင်းနှီးမတည်ငွေများကို မိမိတို့လုပ်ငန်းတွင် အကျိုးရှိရှိသုံးစွဲပြီး လူမှုစီးပွားအဆင့်မြင့်မားရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး ဝါး နီးဖျာရက်လုပ်ရောင်းချလုပ်ကိုင်သူ ၆၅ ဦးတို့အား ရင်းနှီးမတည်ငွေကျပ် ၅၄၆၀၀၀၀ ကို သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကွမ်းတောင်ပုဏ္ဏားကျွန်း ရထားလမ်း ဖောက်လုပ်နေသည့် ကင်းချောင်းပိတ်ရထားလမ်း မြေသားကို စက်ယာဉ် ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုနှင့် မီးရထားလမ်း တိုးတက်ဖောက်လုပ်နိုင်ရန် ကင်းချောင်းတံတား တိုးချဲ့လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝါးနီးဖျာရက်လုပ် ရောင်းချသူများ အစုအဖွဲ့သို့ ရင်းနှီးမတည်ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့်နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၇ရက် (အဖိတ်နေ့)
၄-၉-၂၀၁၁ (တနင်္ဂနွေနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ လေးကျွန်းမာန်အောင် စေတီတော်
- ၇:၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၈။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၂၅ ၉။ **၂၀၁၁ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)အခြေခံပညာ ၁၅-၂၀အဆင့် (အမျိုးသား)**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရျောင်ဝွန်း** (အပိုင်း-၄)
- ၁၂:၄၅ ၅။ မြန်မာရုပ်ရှင် **ဘယ်သူပြိုင်လို့ လှပါတော့နိုင်** ဇော်ဝမ်း၊ဝင်းလှိုင်၊အံ့ကျော်၊ တင်တင်ညို၊တင်တင်လှ (ဒါရိုက်တာ-ဦးသုခ)
- ၁၄:၁၅ ၆။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) အခြေခံပညာ ၁၅-၂၀အဆင့် (အမျိုးသမီး)**
- ၁၄:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၃၀ ၈။ အတီးပြိုင်ပွဲ
- ၁၄:၅၀ ၉။ International News

ညပိုင်း

- ၃:၄၅ ၁။ **Myanmar National League MNL GRAND ROYAL CUP 2011 ဘောလုံးပြိုင်ပွဲဒုတိယ အကျော့ပွဲစဉ် တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar အသင်းနှင့်ရတနာပုံအသင်း)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၈)
- ၆:၄၀ ၆။ တစ်မျက်နှာ၊တစ်ကွက်စာ **ဈေးကောင်းပေးလျှင် ရောင်းရန်ရှိသည်** လှလှ၊လင်းမြတ်ဟိန်း၊ မိုးထက်ဝင့်၊ဦးဝင်းမြိုင်၊ခင်မို့မို့အေး ဒါရိုက်တာ- မေတင် (MMG)
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၂)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၄၆)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသောရုပ်သံလွှင့်မှူး** (အပိုင်း-၆)

ကျယ်ပြန့်စွာစိုက်ပျိုးလျက်ရှိသည့် အထွက်ကောင်းစပါးမျိုးများ

သတင်းဆောင်းပါး
ဆင်းသီဟ

မြန်မာနိုင်ငံတွင် စပါးသီးနှံကိုဒေသရေမြေရာသီဥတုအခြေအနေအမျိုးမျိုးတွင် မိုးရာသီစပါးစိုက်ပျိုးလျက်ရှိကြသည်။ ရှေးယခင်ကအထွက်နှုန်းစွမ်းရည်နည်းပါးသည့် ပြည်တွင်းစပါးမျိုးများကိုသာစိုက်ပျိုးခဲ့ပြီး ၁၉၆၇-၆၈ ခုနှစ်မှစတင်၍ အထွက်နှုန်းစွမ်းရည်မြင့်မားသည့် အထွက်ကောင်းစပါးမျိုးများကို စိုက်ပျိုးလာခဲ့သည်။

ဒေသအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိသည့် အထွက်ကောင်းစပါးမျိုးများသည် တစ်မျိုးနှင့်တစ်မျိုး စပါးမျိုးအုပ်စု၊ သက်တမ်းရက်၊ အပင်အမြင့်၊ အနှံပါပင်ပွား၊ တစ်နှံပါသီးလုံး၊ အထွက်နှုန်းစွမ်းရည်နှင့် ဆန်အရည်အသွေးစသည့် အရည်အသွေးလက္ခဏာများကွဲပြားကြသည်။ စပါးမျိုးများသည် ရေမြေရာသီဥတုနှင့်ဒေသအလိုက်ဖြစ်ထွန်းမှုတူညီခြင်းမရှိပေ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စိုက်ပျိုးသူလယ်သမားကြီးများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ ကြိတ်ခွဲသူများနှင့် စားသုံးသူများသည်လည်း စပါးမျိုးများအပေါ် ကြိုက်နှစ်သက်မှု ကွာခြားကြသည်။

သုတေသနပြုဖော်ထုတ်ထားပြီး စပါးမျိုးများအနက် နိုင်ငံတစ်ဝန်း ဧရိယာဧက ကျယ်ပြန့်စွာစိုက်ပျိုးလျက်ရှိသည့် စပါးမျိုး ၁၀ မျိုးကို ဖော်ပြလိုပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်စိုက်ပျိုးမှုကို လေ့လာကြည့်ပါက ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အထွက်ကောင်းစပါးတစ်မျိုးမှ သုံးမျိုးခန့်ကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း လေ့လာသိရှိရသည်။

မနောသုခ

အထွက်ကောင်းစပါးမျိုးများအနက် မြန်မာနိုင်ငံတွင် စိုက်ဧရိယာဧကအများဆုံး စိုက်ပျိုးလျက်ရှိသည့် စပါးမျိုးတစ်မျိုးကို စတင်ဖော်ပြလိုသည်။ စပါးမျိုး၏အမည်မှာ မနောသုခဖြစ်ပြီး လက်ရွေးစင်စပါးမျိုးအုပ်စုဝင် စပါးမျိုးတစ်မျိုးဖြစ်သည်။ ပြည်ထောင်စုချုပ် မိုးစပါးစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်၌ စိုက်ပျိုးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူကြိုက်အများဆုံးစပါးမျိုးဖြစ်သည်။ ၎င်းကို ၁၉၇၈ ခုနှစ်က သုတေသနပြုဖြန့်ဝေခဲ့သည်။ အသက်ရက်သား ၁၃၅ ရက်ဖြင့်ရိတ်သိမ်းနိုင်ပြီး အပင်အမြင့်သုံးပေခွဲအထိရှည်နိုင်သည်။ အနှံပါပင်ပွား ၁၂ ပင်ထိပွားနိုင်ကာ တစ်နှံပါသီးလုံး ၁၈၈ လုံးအထိ သီးနိုင်သည်။ စားသုံးရာတွင် မမာလွန်း၊ မပျော့လွန်းခြင်းနှင့် ပြည်တွင်းဈေးကွက်ကြိုက်ခြင်းကြောင့် မိုးရာသီပါ တောင်သူလယ်သမားများ စိုက်ပျိုးနေကြောင်း သိရှိရသည်။

ဆင်းသွယ်လတ်

နူးညံ့ပျော့ပျောင်းသော ဆန်အရည်အသွေးကြောင့် ထင်ရှားလာသည့် စပါးမျိုးတစ်မျိုးဖြစ်သည်။ ၎င်းမှာ ဧည့်မထစပါးမျိုးအုပ်စုဝင် အထွက်ကောင်းစပါးမျိုးဖြစ်သည်။ ၎င်းကို ၂၀၀၅ ခုနှစ်တွင် မျိုးသစ်အဖြစ် အတည်ပြု ဖြန့်ဝေခဲ့သည်။ ဆင်းသွယ်လတ်သည် အပင်အမြင့် လေးပေခန့်ရှိပြီး သက်တမ်းမှာ ၁၃၅ ရက်သားဖြစ်သည်။ အနှံပါပင်ပွား ၁၁ ပင်အထိ ပွားနိုင်ပြီး တစ်နှံပါသီးလုံး ၂၄၆ လုံးအထိ သီးနိုင်သည်။ ထွက်ရှိလာသောစပါးမှ ဆန်သည် ဆန်ရှည်ဆန်သား ကြည်လင်သည်။ စားသုံးမှုအဆင့်မှာ ကောင်းသည်။

ထူးခြားချက်မှာ ဆင်းသွယ်လတ်သည် ဗက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်၊ ပေါင်းမြက်ပေါက်ရောက်မှုဒဏ်ကိုခံနိုင်သည်။ ၎င်းအပြင် မြေသြဇာလိုအပ်မှုနည်းသော စပါးမျိုးဖြစ်သည်။ ၎င်းစပါးမျိုးကို တစ်စတစ်စကြိုက်နှစ်သက်မှုများလာခြင်းကြောင့် ယခုအခါ မိုးစပါးစုစုပေါင်း စပါးစိုက်ဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့်၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။ ၎င်းကို ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ထင်ရှားသည့် စပါးမျိုးဖြစ်သည်။

ရွှေဝါထွန်း

တောင်သူလယ်သမားများ ကြိုက်နှစ်သက်၍ နှစ်ကာလရှည်ကြာစွာ စိုက်ပျိုးလာသည့် စပါးမျိုးတစ်မျိုးဖြစ်သည်။ ၎င်းသည် ဧည့်မထအုပ်စုဝင် စပါးမျိုးဖြစ်သည်။ ရွှေဝါထွန်းကို အိုင်အာ-၅ ခေါ် ရာကျော် ၂ စပါးမျိုးအား ဂါမာရောင်ခြည်ပေး၍ မျိုးထွန်းနည်းဖြင့် သုတေသနပြု ရွေးချယ်စမ်းသပ်ကာ ၁၉၇၄ ခုနှစ်ကပင် ဖြန့်ဝေခဲ့သည်။ အပင်အမြင့် လေးပေ၊ အနှံပါပင်ပွား ၁၂ ပင်၊ တစ်နှံပါသီးလုံး ၁၅၀ ဖြင့် အသက်ရက်သား ၁၄၅ ရက်ရှိသည့် စပါးမျိုးဖြစ်သည်။

စပါးမှရသည့်ဆန်မှာ ဆန်ရှည်ဆန်သားကြည်လင်၍ စားသုံးမှုကောင်းခြင်း၊ အထွက်ကောင်းခြင်းကြောင့် မိုးစပါးစိုက်ဧရိယာ၏ ၅ ရာခိုင်နှုန်းခန့်တွင် စိုက်ပျိုးလျက်ရှိသည်။ ၎င်းသည် ရခိုင်ပြည်နယ်တွင် အဓိကစိုက်ပျိုးသည့် အထွက်ကောင်းစပါးမျိုးတစ်မျိုးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း တောင်သူအများစုကြိုက်နှစ်သက်သည့် စပါးမျိုးဖြစ်သည်။

သီးထပ်ရင်

သုတေသနပြုဖော်ထုတ်ခဲ့သည့် စပါးမျိုးများအနက် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၏ နွေစပါးစိုက်ပျိုးရေးတွင် ထင်ရှားလျက်ရှိသည့် စပါးမျိုးဖြစ်သည်။ ဤစပါးမျိုးသည် သက်လျင် အထွက်ကောင်းသည့် ဧည့်မထအုပ်စုဝင် စပါးမျိုးတစ်မျိုးဖြစ်သည်။ သီးထပ်စပါးအဖြစ် စိုက်ပျိုးရန် ၁၉၉၁ ခုနှစ်တွင် ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ ဤစပါးမျိုးသည် ဗက်တီးရီးယား ရွက်ခြောက်ရောဂါဒဏ်ကို အထိုက်အလျောက်ခံနိုင်ကြောင်း သိရသည်။ သီးထပ်ရင်စပါးမျိုးကို အသက်ရက်သား ၁၁၀ ဖြင့်ရိတ်သိမ်းနိုင်ပြီး အပင်အမြင့်မှာ သုံးပေခန့်ရှိသည်။ အနှံပါပင်ပွား ၁၃ ပင်ပွားနိုင်ပြီး တစ်နှံပါသီးလုံး ၁၁၀ ခန့်သီးသည့်စပါးမျိုး ဖြစ်သည်။ မကွေးတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။

ကျော်ဇေယျ

စိုက်ပျိုးသူများ ကြိုက်နှစ်သက်သည့် အခြားစပါးတစ်မျိုးမှာ ကျော်ဇေယျစပါးမျိုးဖြစ်သည်။ ၁၉၈၀ ခုနှစ်တွင် ဖြန့်ဝေခဲ့ပြီး ၎င်းသည် ပြည်တွင်း မျိုးစပ်စပါးတစ်မျိုးဖြစ်သည်။ ရာကျော်-၂ နှင့် အောင်ဇေယျစပါးမျိုးတို့ကို မျိုးကူးစပ်မွေးမြူရွေးချယ် ရရှိခဲ့ခြင်းဖြစ်သည်။ အသက်ရက်သား ၁၄၅ ရက်ခန့်ရှိပြီး အပင်အမြင့် လေးပေခန့်အထိ ရှိသည်။ ဤစပါးမျိုးသည် အနှံပါပင်ပွား ၁၂ ပင်နှင့် တစ်နှံပါသီးလုံး ၁၈၆ လုံးအထိ သီးနိုင်သည်။ ဧည့်မထအုပ်စုဝင် စပါးတစ်မျိုးဖြစ်ပြီး စားသုံးရာတွင် နူးညံ့ကောင်းမွန်ကြောင်း သိရသည်။

ကျော်ဇေယျစပါးမျိုးသည် သက်လတ်စပါးမျိုးဖြစ်ခြင်း၊ ပင်စည်တောင့်တင်းခိုင်မာခြင်းနှင့် ရေနစ်ဒဏ်ခံနိုင်ခြင်းတို့ကြောင့် ရေနက်ကွင်းဒေသများတွင်လည်း ဖြစ်ထွန်းနိုင်ကြောင်း သိရသည်။ စုစုပေါင်းမိုးစပါးစိုက်ဧရိယာ၏ လေးရာခိုင်နှုန်းခန့်တွင် စိုက်ပျိုးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးသည်။ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ထင်ရှားသည့် စပါးမျိုးတစ်မျိုးဖြစ်သည်။

ဆင်းဧကရီ-၃

ထင်ရှားသည့် အရည်အသွေးကောင်းအခြားစပါးမျိုးတစ်မျိုးမှာ ဆင်းဧကရီ-၃ စပါးမျိုးဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် မျိုးသစ်အဖြစ် ဖြန့်ဝေခဲ့သည်။ ဧည့်မထအုပ်စုဝင်ဖြစ်ပြီး ဆန်လုံးရှည်သွယ်ကာ ဆန်ရှည်ဆန်သားကြည်လင်လှပပြီး စားသုံးရာတွင်လည်း နူးညံ့ပျော့ပျောင်းသည့် စပါးမျိုးဖြစ်သည်။ အပင်အမြင့် သုံးပေခွဲခန့်ထိမြင့်ပြီး အသက်ရက်မှာ ၁၃၀ ခန့်ဖြစ်သည်။ အနှံပါပင်ပွား ၁၂ ပင်ရှိ၍ တစ်နှံပါသီးလုံး ၁၄၁ လုံးသီးနိုင်သည်။ ပျော့ပျောင်းပြီး ဆန်စေးမှုကြိုက်နှစ်သက်သည့် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် လက်မလွတ်တမ်း အဓိကစိုက်ပျိုးသည့်စပါးမျိုးဖြစ်သည်။ ဤစပါးမျိုးကို စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းကျယ်ပြန့်စွာ စိုက်ပျိုးကြောင်းသိရသည်။ ဤစပါးမျိုး၏စိုက်ဧရိယာမှာစုစုပေါင်းမိုးစပါးစိုက်ဧရိယာ၏ သုံးရာခိုင်နှုန်းကျော်ဖြစ်သည်။

ဧရာမင်း

ဆန်ထွက်ကောင်း၍ ဆန်သားလှပြီး စားသုံးရာတွင်ကောင်းမွန်သည့် ဈေးကွက်ကြိုက် စပါးမျိုးတစ်မျိုးဖြစ်သည်။ ၁၉၇၇ ခုနှစ်တွင် မျိုးသစ်အဖြစ် ဖြန့်ဝေခဲ့သည်။ မချမ်းဒိုးဟုလည်း ခေါ်ဝေါ်ကြောင်း သိရသည်။ ဧရာမင်းသည် အပင်အမြင့် ငါးပေခန့်ရှိသည်။ အသက်ရက် ၁၄၅ ရက် ခန့်ရှိပြီး အနှံပါပင်ပွား ၁၂ ပင်ထိ ပွားနိုင်သည်။ တစ်နှံပါသီးလုံး ၁၆၀ ခန့် သီးနိုင်ပြီး ဆန်ရှည်ဆန်သား ကြည်လင်သည့် ဧည့်မထအုပ်စုဝင် စပါးမျိုးဖြစ်သည်။ ဤစပါးမျိုး၏ စိုက်ဧရိယာမှာ မိုးစပါးစုစုပေါင်းစိုက်ဧရိယာ၏ သုံးရာခိုင်နှုန်းကျော်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးသည်။ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။

ရွှေသွယ်ရင်

မြန်မာနိုင်ငံအထက်ပိုင်းတွင် စိုက်ပျိုးလျက်ရှိသော သက်လျင်စပါးမျိုးတစ်မျိုးဖြစ်သည်။ မိုးစပါးသာမက နွေစပါးအဖြစ်လည်း စိုက်ပျိုးလျက်ရှိသည်။ အဆိုပါစပါးမျိုးကို ၁၉၈၁ ခုနှစ်တွင် မျိုးသစ်အဖြစ် ဖြန့်ဝေခဲ့သည်။ ဗက်တီးရီးယားရွက်ခြောက်ရောဂါကို အသင့်အတင့်ခံနိုင်ရည်ရှိသည်။ အသက်ရက် ၁၀၅ ရက်ခန့်ဖြင့် ရိတ်သိမ်းနိုင်၍ အပင်အမြင့် သုံးပေခန့်ရှိသည်။ အနှံပါ ပင်ပွား ၁၁ ပင်နှင့် တစ်နှံပါသီးလုံး ၁၃၁ လုံးရှိကာ ဆန်ရှည်ဆန်သား ကြည်လင်သည့် ဧည့်မထအုပ်စုဝင် စပါးမျိုးဖြစ်သည်။ ၎င်းကို မန္တလေးတိုင်းဒေသကြီးတွင် အဓိက စိုက်ပျိုးသည်။ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ထင်ရှားသည့် စပါးမျိုးဖြစ်သည်။

မော်ဘီ-၂

အရည်အသွေးကောင်းစပါးတစ်မျိုးကို ထပ်မံဖော်ပြလိုသည်။ ၁၉၈၅ ခုနှစ်က ဖြန့်ဝေခဲ့ပြီး မော်ဘီ-၂ ဟု အမည်ပေးခဲ့သည်။ ဧည့်မထစပါးမျိုးအုပ်စုဝင်ဖြစ်ပြီး ဆန်ရှည်ဆန်သား ကြည်လင်လှပသည်။ စားသုံးရာတွင် နူးညံ့ပျော့ပျောင်းသည်။ အသက်ရက် ၁၄၅ ရက်ခန့်ရှိပြီး အပင်အမြင့် သုံးပေခွဲရှိသော စပါးမျိုးဖြစ်သည်။ အနှံပါပင်ပွား ၁၂ ပင်ပွားနိုင်ပြီး တစ်နှံတွင် သီးလုံး ၁၄၁ လုံးခန့်သီးနိုင်သည်။ ဤစပါးမျိုးကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကျယ်ပြန့်စွာ စိုက်ပျိုးလျက်ရှိသည်။

မနော်ဟရီ

သက်လတ်စပါးမျိုးဖြစ်သည့် မနော်ဟရီကို ၁၉၇၄ ခုနှစ်က ဖြန့်ဝေခဲ့သည်။ ၎င်းသည် လက်ရွေးစင်အုပ်စုဝင် စပါးမျိုးဖြစ်သည်။ အသက်ရက် ၁၄၅ ရက်ခန့်ရှိပြီး အပင် အမြင့်ငါးပေခန့်ထိ ရှိသည်။ အနှံပါပင်ပွား ၁၂ ပင်ထိပွားပြီး တစ်နှံပါသီးလုံး ၂၅၂ လုံးခန့်ထိ သီးနိုင်သည်။ ဆန်ထွက် ရာခိုင်နှုန်းကောင်းကာ ချက်ပြုတ်ရာတွင် အိုးတက်သည်။ ဓာတ်မြေသြဇာ စားသုံးမှု နည်းသော စပါးမျိုးဖြစ်ကြောင်းသိရသည်။ ဤစပါးမျိုးကို စစ်ကိုင်းတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျယ်ပြန့်စွာ စိုက်ပျိုးလျက်ရှိသော ယခုတင်ပြသည့် အထွက်ကောင်း စပါးမျိုးများသည် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် အရေးပါသော စပါးမျိုးများဖြစ်ကြောင်း တွေ့မြင်ရသည်။ စပါးမျိုးအလိုက် အထွက်နှုန်းစွမ်းရည်ကို အပြည့်အဝရရှိရေးအတွက် ဤအထွက်ကောင်း စပါးမျိုးများ၏ မျိုးသန့်အဆင့်ဆင့်ပွားများ ထုတ်လုပ်မှုနည်းပညာများကို စနစ်တကျ စိုက်ပျိုးသူတောင်သူ လက်ဝယ်အရောက် ဖြန့်ဝေနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်သည်။

စပါးမျိုးအလိုက် အထွက်နှုန်းစွမ်းရည် အပြည့်အဝရရှိရေးအတွက် ဤအထွက်ကောင်း စပါးမျိုးများ၏ မျိုးသန့်အဆင့်ဆင့်ပွားများ ထုတ်လုပ်မှုနည်းပညာများကို စနစ်တကျ စိုက်ပျိုးသူတောင်သူ လက်ဝယ်အရောက် ဖြန့်ဝေနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်သည်။

စိုက်ပျိုးသူများ၊ တောင်သူလယ်သမားများသည် အထွက်ကောင်းစပါးမျိုးများ၏ အထွက်နှုန်းစွမ်းရည်မြင့်မားမှုကိုဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် သုံးနှစ်တစ်ကြိမ် သွေးသစ်လောင်းသည့် အလေ့အကျင့်ကောင်းဖြင့် စိုက်ပျိုးကြရန်လိုသည်။ သို့မှသာ ဒေသရေမြေအလိုက် ဖြစ်ထွန်းသောအထွက်ကောင်းစပါးမျိုးတိုင်းသည် တစ်ဧက အထွက်နှုန်း မြင့်မားပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားကာ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျောင်းပေါင်းစုံ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေပြည်သာမြို့နယ် အထက(၁)၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကျောင်းပေါင်းစုံ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက အထက(၁) ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလှရီက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက အက၊ အတီး၊ အဆိုတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

သဘာဝဘေးကာကွယ်ရေး ကျောက်ကြီး၌ ဟောပြော

တောင်ငူ စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး ကျင်းပသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျောက်ကြီးမြို့ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်နောင်ကျော်စွာက သဘာဝဘေးအန္တရာယ်အကြောင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အကြောင်း ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာရုပ်သေးအဖွဲ့ ဥရောပလေးနိုင်ငံသို့ သွားရောက်ဖျော်ဖြေမည်

ရန်ကုန် စက်တင်ဘာ ၂

ထွေးဦးမြန်မာရုပ်သေးအဖွဲ့သည် ဥရောပလေးနိုင်ငံ၌ သွားရောက်ဖျော်ဖြေရန်အတွက် ယခုလ ၁၅ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ သွားရောက်ဖျော်ဖြေရာတွင် ဂျာမနီနိုင်ငံ၌ ပထမဆုံးကပြဖျော်ဖြေမည်ဖြစ်ပြီး ဟော်လန်နိုင်ငံ၌ ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။ ထို့နောက် ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ယဉ်ကျေးမှုပွဲတော်တွင် စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ တစ်ရက်လျှင် နှစ်ပွဲဖြင့် လေးရက်တိုင် တင်ဆက်သွားရန် စီစဉ်ထားသည်။

ယင်းနောက် ဂျာမနီနိုင်ငံသို့ ဒုတိယအကြိမ်ဝင်ရောက်ပြီး နှစ်မြို့၌ နှစ်ပွဲ၊ သြစတြီးယားနိုင်ငံတစ်မြို့၌ နှစ်ပွဲဖျော်ဖြေကာ ဂျာမနီနိုင်ငံသို့ တတိယအကြိမ်အဖြစ် မြို့ခြောက်မြို့၌ ၁၃ ပွဲ ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့ရိုးရာရုပ်သေးအနုပညာများကို ကြည့်ရှုသူများ နှစ်ခြိုက်သဘောကျစေရေးအတွက် လိုအပ်သည်များ လေ့ကျင့်ဇာတ်တိုက်ပြင်ဆင်လျက်ရှိကြောင်း ထွေးဦးမြန်မာရုပ်သေးအဖွဲ့မှ ဦးခင်မောင်ထွေးက ပြောကြားသည်။ **(ညွှန့်သန်း-သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လှည်းကူးမြို့နယ်၌ ဟောပြော

လှည်းကူး စက်တင်ဘာ ၃

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ နယ်မြေမှူး၊ ဒုတိယရဲမှူးကျော်စိုးက ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများလိုက်နာရန် စည်းကမ်းချက်များနှင့် စက်ဘီးစီးသူများ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် အချက်အလက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးလျက်ရှိသော လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ (၂)ရှိ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးခန်းသို့ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီး ကန်တော်မွန်အိမ်ရာ အမှတ်(၇/B)နေ အိခိုင်ဇင် (ခ) သရုပ်ဆောင်ဂန္ဓဝင်က အလှူငွေကျပ်တစ်သိန်းကို လာရောက်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူတစ်ဦး လက်ခံယူစဉ်။ (ရွှေမင်းသားဖောင်ဒေးရှင်း)

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများပိတ်မည်

ရန်ကုန် စက်တင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A-4 စာမျက်နှာဖြင့် ကွန်ပျူတာ လေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက် မပိုဘဲရေးဖွဲ့နိုင်သည်။

ထည့်သွင်းဖော်ပြ

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင် ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုနှင့် အထူးဆုများရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၁၀၀၀၀၀ ၊ ဒုတိယဆု ငွေကျပ် ၇၅၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀၊ အထူးဆု ငွေကျပ် ၂၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ အောက်တိုဘာ ၃၁ ရက် ညနေ ၄နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၃

မြောင်းမြ၌ ရောင်နီဦးစာကြည့်တိုက်ဖွင့်

ကျေးလက်နေပြည်သူများ၏ စီးပွား၊ လူမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သည့် အနေဖြင့် မြောင်းမြမြို့နယ် သိလ္လာဂါတ်စုကျေးရွာအုပ်စု ကမ်းနီကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရောင်နီဦးကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ မြောင်းမြ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့် ကျေးရွာစာကြည့်တိုက်အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ဆောက်လုပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၇ ပေ၊ အနံ ၂၁ ပေ၊ အုတ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ သံဆန်ခါကပ်အမျိုးအစားဖြစ်ပြီး TV၊ SKY-NET စလောင်းများ တပ်ဆင် ထားရှိကာ သုတ ရသ စာအုပ် စာစောင် ၅၀၀ခန့်နှင့် ကျေးရွာပြည်သူများနှင့် အလှူရှင်တို့က ငွေကျပ် ၁၆ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စိုက်ပျိုးရေး သင်တန်းသား သင်တန်းသူများ သင်တန်းတက်ရောက်ရန် အစ္စရေးနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့၏ ဦးဆောင်မှုဖြင့် အစ္စရေးနိုင်ငံ Ramat Negev Agro Research Center တွင်သင်တန်းတက်ရောက်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့မှ သင်တန်းသား ၁၁ဦးတို့သည် ဩဂုတ် ၃၀ ရက်ညက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသားများသည် သစ်သီးဝလံနှင့် ဆန်စပါးစိုက်ပျိုးရေး သုတေသနလုပ်ငန်းများ၊ ဈေးကွက်တင်ရောင်းချရေး ခေတ်မီနည်းပညာတို့ကို ၁၁လကြာ စာတွေ့၊ လက်တွေ့ သင်ကြားကြမည်ဖြစ်ကြောင်းသိရှိရသည်။ **(ဆန်စပါးလုပ်ငန်းအသင်း)**

ထားဝယ်၌ ပြည်သူ့ဆက်ဆံရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ပိုမိုသွက်လက်စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ပြည်သူ့ဆက်ဆံရေး (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲကို ဩဂုတ် ၃၁ရက် နံနက် ၉ နာရီက ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်ရွှေက ပြည်သူ့ဆက်ဆံရေး(ဆင့်ပွား) သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ခဲ့

သင်တန်းသို့ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်နှင့် မြို့နယ်ခွဲ(၂)ခုတို့မှ သင်တန်းသား သင်တန်းသူ ၂၂ဦး တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပေးအပ်

ဩဂုတ် ၃၁ ရက်က လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဆွေက ဖောင်ကြီးအနောက်ကျေးရွာအုပ်စုနှင့် ပုတ်သင်ညိုကျေးရွာအုပ်စုတို့ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၃

မှော်ဘီမြို့နယ် နန်းဦးဘုန်းကြီးကျောင်း၌ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်းခရိုင်)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေ ဟောပြောခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် သာသနာ့နုဂ္ဂဟအသင်းဆိုင်းဘုတ်တင်ပွဲ မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၁၀နာရီက ဆွမ်းလောင်းအသင်းဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်းအဖွဲ့ဝင် ဦးဝင်းဇော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဘွားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (ဇာ၁)

အခွန်အရပ်ရပ်ဆိုင်ရာပညာပေးဆွေးနွေးပွဲ လားရှိုးမြို့နယ်၌ ကျင်းပ

လားရှိုး စက်တင်ဘာ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လားရှိုးမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကျင်းပသော အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က လားရှိုးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးမြန်းဆွေးနွေး

ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးဌာနမှူး ဦးအောင်မိုးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သော အချက်များကို လည်းကောင်း၊ လားရှိုးမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးအောင်မျိုးထွန်းနှင့် ဦးမျိုးသန်းတို့က ဝင်ငွေအခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်းဆွေးနွေးပြောကြားကြပြီးနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တိရစ္ဆာန်များ စောင့်ရှောက်မှုသင်တန်းဖွင့်

မလှိုင် စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး ကျေးလက်နေပြည်သူများ၏ တိရစ္ဆာန်များကိုကျန်းမာရေးအနီးကပ်စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်၍ ကျေးရွာအုပ်စု အသီးသီးမှ ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သားအကူ (ကြက်ခြေပြာ) ၁၅ ဦးအား ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ တိရစ္ဆာန်များ ပဏာမပြုစုစောင့်ရှောက်ခြင်း၊ ကာကွယ်ကုသပေးခြင်းဆိုင်ရာ သင်တန်းပို့ချပေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဒေါက်တာမြတ်စံ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအေးကိုနှင့် သင်တန်းသားများသည် မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိတ်တိုးချဲ့မွေးမြူမည့် ကျေးရွာများအရောက် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(မွေးမြူရေး)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
ရုံးအမှတ် (၁၉)၊ နေပြည်တော်
ရက်စွဲ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၃ရက်

တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသည် ရွှေသတ္တုတူးဖော်လိုသူ နိုင်ငံသား၊ ပြည်တွင်းကုမ္ပဏီများနှင့်ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်ရှိ မိုးထိမိုးမိဒေသကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ်ဆောင်ရွက်နိုင်ရေး တင်ဒါစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ခေါ်ယူအပ်ပါသည်။

(က) ဆောင်ရွက်မည့်နေရာ - မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ၊ ရွှေစင်တောင်၊ ထုံးကြီးတောင်နေရာ

(ခ) ဆောင်ရွက်မှုလုပ်ငန်း - သတ္တုမြေစာများမှ သန့်စင်ပြီး ၉၉ ဒသမ ၉၉ ရွှေစင်ထုတ်ယူခြင်း

၂။ တင်ဒါအား အောက်ပါအချက်အလက်များနှင့်အတူ လျှောက်ထားရမည်-

(က) ပြည်တွင်းနိုင်ငံသားကုမ္ပဏီ (သတ္တုတူးဖော်ရေးကုမ္ပဏီ) ဖြစ်ရမည်။

(ခ) လက်ရှိကုမ္ပဏီသက်တမ်းရှိရမည်။

(ဂ) အနည်းဆုံး မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ (၂)သန်းနှင့် မြန်မာကျပ်ငွေ သန်းပေါင်း ၁၅၀၀ ရင်းနှီးနိုင်ရမည်။

၃။ တင်ဒါလျှောက်လွှာနှင့်အတူ ငွေကျပ်သိန်း ၅၀ တိတိအား ဘဏ်အာမခံငွေအဖြစ်ထားရှိပြီး မူရင်းချလန်နှင့်အတူ အောက်ပါအထောက်အထားများ တစ်ပါတည်းထည့်သွင်းရမည်။

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)

(ခ) ကုမ္ပဏီဒါရိုက်တာစာရင်း (ပုံစံ ၆/၂၆)(မိတ္တူ)

(ဂ) ငွေကြေးခိုင်မာမှု (Bank Statement)

(ဃ) ကုမ္ပဏီတည်ရှိရာ ရဲစခန်း၏ ပြစ်မှုဆိုင်ရာ ကင်းရှင်းကြောင်း ထောက်ခံချက်

၄။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာများအား အောက်ဖော်ပြပါ လိပ်စာအတိုင်း နေ့စဉ် နံနက် ၉း၀၀နာရီမှ ၁၈း၀၀နာရီအတွင်း ဆက်သွယ်ဝယ်ယူနိုင်သည်။

စီမံကိန်းဌာနခွဲ
အမှတ်(၂) သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် (၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၀၁၃၊ ၄၀၉၁၆၃၊ ၄၀၉၃၈၉

၅။ တင်ဒါကို ဤကြော်ငြာထည့်သည့်နေ့မှစ၍ ၂၀၁၁ခုနှစ် စက်တင်ဘာလ ၁၁ရက် ညနေ ၁၈း၀၀နာရီအထိ နောက်ဆုံးထား၍ ရုံးဖွင့်ရက်များနှင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင်ပါ တင်ဒါအဖွဲ့ဖြင့် လက်ခံသွားပါမည်။

၆။ အသေးစိတ်အချက်အလက်များသိလိုပါက အထက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

အမည်ပြောင်း

ဦးယဉ်ထွေး၏ သား အလက(၂)(ထက်ခွဲ)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်စမ်းသော်တာထွေးအား မောင်ရဲသူရထွေးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲသူရထွေး**

အမည်ပြောင်း

အထက(၁)ဒဂုံ၊ Grade-6(C) မှ ဦးသိန်းငွေမောင်၏သား မောင်ဘိုသုခအား မောင်မြန်သုခဟု ပြောင်းလဲခေါ်ပါရန်။

အမည်မှန်

ဦးထွန်းထွန်းဦး၏သမီး မဆုမွန်ဦး ၁၂/သကတ(နိုင်)၁၆၈၀၄၆၏ အမည်မှန်မှာ မစုမွန်ဦးဖြစ်ကြောင်း။

မစုမွန်ဦး

အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

မြန်မာ့အလင်းသတင်းစာမှ ၃၀-၆-၂၀၀၅ ရက် စာမျက်နှာ ၁၈တွင် မောင်ဝေလွင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဖခင် ဦးစိန်တင့်

ပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက်က အမှတ် (၂၀)ရပ်ကွက် အလက(၈) ခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးက အရွယ်မရောက်သေးသူ ကလေးသူငယ်များ ကျူးလွန်တတ်သည့် မူခင်းများအကြောင်း ပညာပေးဟောပြောစဉ်။ (၀၀၁)

ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ စီးရမည်

ပုသိမ်မြို့လုံးကျွတ် စုပေါင်းအလှူပွဲကို ဩဂုတ် ၃၀ ရက်က ရွှေမုဋ္ဌောဘုရားအရှေ့မုခ် ဒေါ်လှယဉ်မွှေးရုံ၌ ကျင်းပရာ ရန်ကုန်မြို့နေ ဦးထွန်းအေး-ဒေါ်ကေသွယ်ဝင်း၊ သမီး မနန္ဒာထွန်း၊ သား မောင်အိုရီယံထွန်း(ရွှေပုသိမ်)ကုမ္ပဏီ မိသားစုက (၁၁)ကြိမ်မြောက်အဖြစ် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသဖြင့် ပုသိမ်မြို့နယ် သာသနာ့အကျိုးတော်ဆောင်နာယက သုဓမ္မမဏ်ဇောတရေ ဦးကျင်ဟန်၊ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် ဒုတိယဥက္ကဋ္ဌ ဦးတိုင်းအောင်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (၀၇၇)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သစ်ပင်စိုက်ပျိုးပွဲ ပန်းတနော်မြို့၌ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းမကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ပန်းတနော်မြို့နယ် မဲဆန္ဒနယ်မှ ဦးငြိမ်းမြိုင်နှင့် ဦးမန်းသက်တင်၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုသိမ်ခရိုင်နှင့် ညောင်တုန်းမြို့နယ် သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀၀ တက်ရောက်၍ ကျွန်းပင် ၂၅၀နှင့် မဟော်ဂနီပင် ၂၅၀တို့ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် ကျောင်းခန်းမ၌ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းတာဝန်ခံ ဦးကျော်မြင့်နှင့် ပုသိမ်ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြပြီး ဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရေးအတွက် ပန်းတနော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ဗလာစာအုပ် ဒါဇင် ၄၀၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး သာယာဝတီမြို့နယ်၌ ဆွေးနွေး

သာယာဝတီ စက်တင်ဘာ ၃

ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားသို့ ခရိုင်အတွင်း ရှစ်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၆)ရပ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

အရှေ့ပိုင်းဒေသများ မိုးအနည်းငယ်ပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီ အတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နပန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၃

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်သည့် နပန်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နပန်းအားကစားသမားများက ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ်က အမျိုးသားလက်ရွေးစင် ခြောက်ဦး ရွေးချယ်ထားပြီး တူရကီနိုင်ငံမှ နည်းပြဆရာက လေ့ကျင့်ပေးလျက်ရှိသည်။ အတွေ့အကြုံရှိ အားကစားသမားများအား ရွေးချယ်လေ့ကျင့်ထားခြင်းကြောင့် ရွှေတံဆိပ်ဆုများ ရရှိမည်ဟု ယုံကြည်ကြောင်း မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ် တာဝန်ရှိသူထံမှ သိရသည်။ **စိုးမင်း(သတင်းစဉ်)**

ငါးမျိုးစိုက်ထည့်

သံဖြူဇရပ်မြို့နယ် ကျုံကဒါတ်ကျေးရွာ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်းကို ဩဂုတ် ၁၁ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ ကျေးရွာ လူမှုရေး အသင်းအဖွဲ့ဝင်များက စုပေါင်း ငါးမျိုးစိုက်ထည့်ကြစဉ်။

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

4-9 (12).pmd 1 9/4/2011, 2:35 AM

ကာလေန ဓမ္မဿဝနံ ဧတံမင်္ဂလမုတ္တမံ = သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာမှန်ကို နားလည်တန်ဖိုးထား
စိတ်တူကိုယ်တူ သဘောတူညီသူများဖြင့် သမဝါယမအသင်းများဖွဲ့စည်း

နေပြည်တော် စက်တင်ဘာ ၃

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းတို့သည် ယမန်နေ့ ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ GEC (ပညာရေး) သမဝါယမအသင်းသားများ၊ သမဝါယမအသင်းအစုအဖွဲ့ဝင်များ၊ ကျပန်းဈေးသည်များ၊ အနေးယာဉ်လုပ်သားများ၊ တောင်သူများနှင့် ဒေသခံတိုင်းရင်းသားများ စုစုပေါင်း အင်အား ၆၀၀ ခန့် တက်ရောက်ကြသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာလုပ်ငန်းများ ဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ဆွေးနွေးကြသည်။

အကြံပြုဆွေးနွေး

ရှေးဦးစွာ နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးစိန်လှဗိုလ်က သိပ္ပံနည်းကျ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရေး၊ မိသားစု အပိုဝင်ငွေတိုးတက်ရရှိစေမည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းတူမျိုးတူ အစုအဖွဲ့များ၊ စိတ်တူကိုယ်တူ သဘောထားတူညီသူများ စုစည်း၍ ကျစ်လျစ်ခိုင်မာသည့် သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ရေးတို့ကို အကြံပြုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းတို့က ရပ်ကွက်/ကျေးရွာသမဝါယမအသင်းများဖွဲ့စည်းရေး၊ အရင်းမပျောက်မတည်ငွေနှင့် လိုအပ်သည့် နည်းပညာများ၊ ဈေးကွက်ရရှိရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတူမျိုးတူ အစုအဖွဲ့များကို စိတ်တူကိုယ်တူ သဘောထားတူညီသူများဖြင့် သမဝါယမအသင်းများကို ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းရေးသည် သမဝါယမဝန်ကြီးဌာန၏ အဓိကကျသည့် လုပ်ငန်းတာဝန်ဖြစ်ကြောင်း။

စနစ်တကျ

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးဘာသာပေါင်းစုံ မခွဲခြားဘဲ ဒီမိုကရေစီနည်းလမ်းတကျ တန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံ တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာမှန်ကို နားလည်တန်ဖိုးထားကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသထွက်ကုန်၊ သား၊ ငါး ထုတ်လုပ်မှု ဖွံ့ဖြိုးစေရန်အတွက် မွေးမြူရေးလုပ်ငန်းစု သမဝါယမအဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်စေလိုကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁*** ❖

သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၃

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၄ စင်တီမီတာ(ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်-ပေါက်ခေါင်း-တောင်ငူကားလမ်း မိုင်တိုင်အမှတ် (၁၀၇/၆) နှင့် (၁၀၇/၇)ကြား မြေပြိုကျသည့်နေရာတွင် မြေကာနံရံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ ၃-၉-၂၀၁၁

ကျိုက်မရောမြို့	၇ ဒသမ ၂၉ လက်မ
ပေါင်မြို့	၄ ဒသမ ၆၅ လက်မ
မုဒုံမြို့	၄ ဒသမ ၆၅ လက်မ
လောင်းလုံမြို့	၄ ဒသမ ၀၂ လက်မ
မော်လမြိုင်မြို့	၃ ဒသမ ၅၈ လက်မ
ကျိုက္ကမီမြို့	၃ ဒသမ ၄၆ လက်မ
မြောင်းမြမြို့	၂ ဒသမ ၂၄ လက်မ

ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများ ဖောက်လုပ်ပေး
လမ်းပိုင်းအလိုက် ပြင်ဆင်ထိန်းသိမ်းရေး အမြန်ဆုံး ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမှ တစ်ဆင့် မိုးကြီးပြီး ကတ္တရာလမ်းသား နိမ့်ကျပျက်စီးသွားသည့် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းအပိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၁၀၇/၆)နှင့် (၁၀၇/၇)အကြား မြေပြိုကျသည့်နေရာတွင် ကတုတ်များဖြင့် မြေကာနံရံဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၀၄/၀) နှင့် (၁၀၄/၁) အကြား ကတ္တရာလမ်းသား နိမ့်ကျနေမှုကို မြေဖို့ခြင်းနှင့် ကျောက်ဖြည့်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၀၂/၅)နှင့် (၁၀၂/၆) အကြား သစ်သားကတုတ်များဖြင့် မြေထိန်းနံရံ ဆောင်ရွက်မှုနှင့် ရေမြောင်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၈၃/၃) နှင့် (၈၃/၄)အကြား စက်ယန္တရားဖြင့် တောင်ကြောဖြတ်ထုတ်၍ လမ်းချဲ့ခြင်း၊ ကတ္တရာလမ်းသား နိမ့်ကျပြီး လမ်းသားပွဲကျသည့်နေရာတွင် ကတုတ်များရိုက်၍ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်ပြုပြင်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြေပြိုကျသည့်နေရာများတွင် လိုအပ်ပါက ခိုင်ခံ့အောင် ကျောက်စီမြေထိန်းနံရံနှင့် မြေကာနံရံများ ပြုလုပ်ပေးရန်၊ ရေစီးရေလာ ကောင်းမွန်ရန်အတွက် ရေမြောင်းများ ဖောက်လုပ်ပေးရန်နှင့် နိမ့်ကျသွားသည့်နေရာများတွင် အမာခံသိပ်သည်းမှုရရှိအောင် ခင်းကြိတ်ပြီးမှ ကတ္တရာလမ်းအဆင့် ပြန်လည်ပြုပြင်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုးကြီးမှုကြောင့် ကတ္တရာလမ်းသား နိမ့်ကျမှု၊ ပြိုကျနေမှုများကို အထူးအဖွဲ့ ငါးဖွဲ့၊ ခရိုင်အဖွဲ့ နှစ်ဖွဲ့ စုစုပေါင်း ခုနစ်ဖွဲ့ဖြင့် လူအင်အား၊ စက်ယန္တရားအင်အားအသုံးပြုကာ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ***စာမျက်နှာ ၈ ကော်လံ ၄*** ◆

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဩစတြေးလျတင်းနစ်မယ် ဆမ်စတိုဆာ နိုင်ပွဲရ

နယူးယောက် စက်တင်ဘာ ၃

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း တတိယအဆင့် ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်၌ ဆက်လက်ကျင်းပရာ ဩစတြေးလျတင်းနစ်မယ် ဆမ်စတိုဆာ **(ယာပုံ)** က ရုရှားမှ နာဒီယာပက်ထရိုဗာအား ၇-၆(၇-၅)၊ ၆-၇(၅-၇)၊ ၇-၅ဖြင့် နိုင်ပွဲရရှိခဲ့သည်။

နိုင်ပွဲရရှိခဲ့

ထို့အတူ ရုရှားမှ မာရီယာကီရီလန်ကိုက အမေရိကန်မှ ခရစ်စတီးနား မက်ဟာလီအား ၆-၂၊ ၆-၃ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။ တစ်ဖန် ရုရှားမှ ဗီရာဇဗိုနာရီဗာက စပိန်မှ မီဒီနာ ဂါရီဂတ်စ်အား ၆-၄၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့အပြင် အီတလီမှ ဖလာဗီယာပင်နက်တာက ရုရှားမှ မာရီယာရှာရာပိုဗာကို ၆-၃၊ ၃-၆၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့ရာ နာမည်ကြီးတင်းနစ်မယ် ရှာရာပိုဗာ ယူအက်စ်အိုးပင်းပြိုင်ပွဲမှ ထွက်သွားရပြီဖြစ်သည်။ **(အင်တာနက်)**

4-9 (20).pmd 1 9/4/2011, 2:36 AM